မြေကမှုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ ကြာသပတေးနေ့၊ (13-3-2008) (၅၆၂၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော်   မတ်   ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၇ရက် နံနက် ၁၁နာရီတွင် မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးတင်မောင်နှင့် ဦးစိုင်းစံတင်၊ မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးတင်မောင်နှင့် မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးရဲအောင်မြင့်က ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ အဖွဲ့ဝင် ဦးဘိုရွှေက မဲစာရင်းပြုစုရေးနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြရာ မန္တလေးတိုင်းကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက မဲရုံပုံစံနှင့် ဆန္ဒမဲပေးပုံတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး မန္တလေးတိုင်း ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

မြေကမှုံ The Mirror — ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အတူ ကိုယ့်နိုင်ငံ ထာဝရတည်တံ့နေစေချင်

ညီလာခံမှာ အကောင်းဆုံးအခြေခံဥပဒေကြီးဖြစ်အောင် ညီလာခံကိုယ်စားလှယ်အားလုံး ဆွေးနွေးညှိနှိုင်းကြ၊ တစ်ခါတစ်ရံ အချေအတင်ငြင်းခုံဆွေးနွေးကြပြီးမှ ညှိယူ မူချခဲ့ကြတာ ကျွန်တော်တို့ ကိုယ်တွေ့ဖြစ်ပါတယ်။

ပြန်ပြင်စရာလည်း တစ်ခုမှမမြင်ပါဘူး။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အတူ ကိုယ့်နိုင်ငံ ထာဝရတည်တံ့နေစေချင်တယ်။ လွတ်လပ်တဲ့နိုင်ငံအဖြစ် အစဉ်ရှိနေစေချင်တယ်။ ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာနဲ့ နိုင်ငံရဲ့စီးပွားရေး၊ နိုင်ငံသားတွေရဲ့ လူနေမှုအဆင့်အတန်း မြင့်တက်လာစေချင်တယ်။ ဒါကို မျိုးချစ်စိတ်လို့ ခေါ်ရပါမယ်။

တက္ကသိုလ်မြတ်သူ၏ **"လွတ်လပ်သော မြန်မာတို့၏ အကောင်းဆုံးအခြေခံဥပဒေ ပြည်လုံးကျွတ်ထောက်ခံမှုဖြင့် အတည်ပြုကြပါစို့"** (ဆောင်းပါး) စာမျက်နှာ-၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၃-၃-၂၀၀၈
(ကြာသပတေးနေ့)

ကော်ဖီပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းစိုက်ပျိုး

နိုင်ငံတကာဈေးကွက်တွင် ဝယ်လိုအားရှိနေသော ကော်ဖီပို့ကုန်ကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် ကော်ဖီပင်များ တိုးချဲ့စိုက်ပျိုးနေကြသည်။ ရာသီဥတုအေးမြသည့် တောင်ပေါ်ဒေသများ၊ မြေပြန့်ဒေသနည်းပါးသည့် တောင်စခန်းမြို့များတွင် အများအားဖြင့် စိုက်ပျိုးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကုန်းမြင့်ကော်ဖီနှင့် မြေနိမ့်ကော်ဖီ နှစ်မျိုးကို အဓိကထားစိုက်ပျိုးလျက်ရှိရာ ကုန်းမြင့်ကော်ဖီကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ပြင်ဦးလွင်မြို့နယ်၊ နောင်ချိုမြို့နယ်တို့တွင် စိုက်ပျိုးသည်။ မြေနိမ့်ကော်ဖီကို ပဲခူးအရှေ့ခြမ်း၊ ကရင်ပြည်နယ် သံတောင်မြို့နယ်တို့တွင် စိုက်ပျိုးလျက်ရှိသည်။

ရှမ်းပြည်နယ် ရပ်စောက်၊ ပင်းတယ၊ ပင်လောင်း၊ ဟိုပုံးနှင့် တောင်ကြီးမြို့နယ် ကျေးရွာများတွင်လည်း ကော်ဖီပင်များ တိုးချဲ့စိုက်ပျိုးနေကြသည်။ ပြင်ဦးလွင်၊ နောင်ချို၊ ရွာငံ၊ ရပ်စောက်တို့ကို ကော်ဖီစီမံကိန်းနယ်မြေအဖြစ် သတ်မှတ်ထားသည်။ နှစ်ပေါင်းများစွာ ကော်ဖီစိုက်ပျိုးခဲ့သည့် အတွေ့အကြုံရှိသဖြင့် စီးပွားဖြစ် တိုးချဲ့စိုက်ပျိုး ဖြစ်ထွန်းရန် အလားအလာ ကောင်းမွန်သည်။

၁၉၉၈ ခုနှစ်က ကော်ဖီစိုက်ဧက တစ်သောင်းလေးထောင်ကျော်သာ ရှိခဲ့ရာမှ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ကော်ဖီစိုက်ဧက ၅၀၀၀၀ ကျော်အထိ ရှိနေပြီး ကော်ဖီစေ့တန်ချိန် လေးထောင်ကျော် ထွက်ရှိကြောင်း သိရသည်။ လာမည့် စိုက်ပျိုးရာသီများတွင် ကော်ဖီဧက တစ်သိန်းအထိ တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်တို့အတွင်း ကော်ဖီတိုးချဲ့စိုက်ပျိုးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက မြေယာဧက တစ်သိန်းကျော် ဖော်ထုတ်ပေးထားပြီးဖြစ်သည်။ ထို့အပြင် ကော်ဖီစိုက်ပျိုးလိုသည့် တောင်သူများအား ပုံမှန်စိုက်ပျိုးစရိတ်ထုတ်ချေးခြင်းများသာမက ၁၀ ဧကအထက် စိုက်ပျိုးသူများ၊ အောင်မြင်ဖြစ်ထွန်းနေသော ကော်ဖီခြံလုပ်ငန်းရှင်များအား အထူးချေးငွေများ ပံ့ပိုးပေးနိုင်ရေး စီစဉ်လျက်ရှိသည်။

ယခုအခါ မြို့နယ်စိုက်ပျိုးရေးဌာနများက အရည်အသွေးမြင့် ကော်ဖီမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာများ ပြသပံ့ပိုးကူညီပေးခြင်းများနှင့်အတူ လုပ်ငန်းရှင်များနှင့် တောင်သူများကလည်း ဝီရိယစိုက်ထုတ် တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ပြည်ပဈေးကွက်တွင် နာမည်ရရှိနေသည့် မြန်မာ့ကော်ဖီပို့ကုန် ပိုမို ထုတ်လုပ်တင်ပို့သွားနိုင်မည် ဖြစ်ပါသည်။ ။

အောင်စကြာဘဒ္ဒန္တ စန္ဒသူရိယ၏ ဓမ္မသဘင်များ

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်းဦးစီးပဓာနနာယက (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာဆရာတော်သည် မတ် ၂၁ ရက်ညတွင် လှိုင်မြို့နယ် (၁၃)ရပ်ကွက် မဟာဆွေလမ်း ဦးစိန်လှိုင်-ဒေါ်သန်းအေးတို့၏ အလှူမဏ္ဍပ်၊ ၂၂ ရက်ညတွင် ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် (၁၈) ရပ်ကွက် ကျွန်းရွှေမြိုင်လမ်း၊ ၂၃ ရက်ညတွင် မြောက်ဒဂုံမြို့သစ် (၄၂)ရပ်ကွက် ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်၊ ၂၄ ရက်ညတွင် ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် ထီးတန်းအိမ်ရာ၊ ၂၅ ရက်ညတွင် ကျောက်တန်းမြို့နယ် တံတားမြို့ ပုတ္တာလုတ်ကျေးရွာ၊ ၂၈ ရက်တွင် သုံးခွမြို့နယ် အနောက်ကျေးရွာ ဣန္ဒာသယမဟာသိဒ္ဓိရှင်ဇမ္ဗူအေးစေတီ၊ ၃၀ ရက်ညတွင် သာကေတမြို့နယ် ၂/မြောက်ရပ်ကွက် သဒ္ဒါရုံလမ်းမကြီး အနောက်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး အောင်စကြာဆရာတော် ဖုန်း-၀၁-၂၂၄၆၈၁၊ ၀၉-၅၁၁၈၅၃၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်(၃)လမ်းနေ ကွယ်လွန်သူ ကိုကျော်ကျော်ထွန်း (စင်ကာပူ)အား ရည်စူး၍ မန်းရာပြည့် ဦးတင်-ဒေါ်ချိုချိုမိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်နှင့် ဦးသိန်းထွန်းတို့ လက်ခံယူစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ပင်လယ်ပြင်အတွင်း လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူရေးစခန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၂

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုး တန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တနင်္သာရီတိုင်းတာဝန်ခံ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် မတ် ၉ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း မြိတ်ခရိုင် ကျွန်းစုမြို့ရှိ ကျွန်းရတနာခန်းမ ဆောင်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားကြသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကျွန်းစုမြို့နယ် သန္တာကျွန်း အရှေ့ဘက်တွင် ဆောင်ရွက်လျက်ရှိသော ယူနိုက်တက်ကေအမ်ကေ (မြိတ်) ကုမ္ပဏီ၏ ပင်လယ်ပြင်အတွင်း လှောင်အိမ်စနစ်ဖြင့် မွေးမြူထားရှိသော ကျောက်ငါး၊ ကကတစ်၊ ကပေါင်းနှင့် ငါးပါးနီမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

အမှာစကားပြောကြား

ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် မတ် ၁၀ ရက်တွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ရန်ကုန်တိုင်း စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အရာထမ်းများအား တွေ့ဆုံ၍ အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ မြိတ် ခရိုင် ကျွန်းစုမြို့နယ်သန္တာကျွန်းအရှေ့ဘက်ရှိ ယူနိုက်တက်ကေအမ်ကေ(မြိတ်)ကုမ္ပဏီ၏ ပင်လယ်ပြင် လှောင်အိမ်စနစ်ဖြင့် ကျောက်ငါး၊ ကကတစ်၊ ကပေါင်းနှင့် ငါးပါးနီ မွေးမြူရေးစခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (မွေး/ရေ)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား ဂုဏ်ပြုပူဇော်မည်

ရန်ကုန် မတ် ၁၂

နိုင်ငံတော်အစိုးရက အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းကို ခံယူရရှိသော ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ခေမာစာရနှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းကို ခံယူရရှိသော မန္တလေးတိုင်း ချမ်းမြသာစည်မြို့နယ် သာသနာ့ဇောတိကာရုံကျောင်းတိုက် စာချဆရာတော် ဘဒ္ဒန္တ သောဘိတတို့အား မတ် ၂၂ ရက် နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ရာကျော်ဘုရားလေးကျောင်းတိုက်၌ တပည့်ဒါယကာ၊ ဒါယိကာမများက ဂုဏ်ပြုပူဇော် ကြည်ညိုကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)



အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း သဃ်န်းကျွန်းမြို့နယ်၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပရာ ပထမတန်းတွင် စာပေဘာသာရပ် ပထမဆုရရှိသူ မအိရတနာဖြိုးအား ကျောင်းအုပ်ဆရာကြီး ဦးရဲထွဋ်အောင် ဆုချီးမြှင့်စဉ်။ (၅၀၆)

ချောက်မြို့နယ်အသင်း ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် မတ် ၁၂

ချောက်မြို့နယ်အသင်း (ရန်ကုန်)က ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများ၏ အမှတ်စာရင်းမိတ္တူကို မတ် ၂၈ ရက် နောက်ဆုံးထား၍ ဦးကျော်ဖံ ဒုဥက္ကဋ္ဌ ဖုန်း-၅၂၄၈၀၇၊ ဒေါက်တာမောင်မောင်မြင့် ဒုဥက္ကဋ္ဌ ဖုန်း-၅၅၄၀၆၇၊ ဦးဌေးအောင် အတွင်းရေးမှူး ဖုန်း-၂၉၃၄၂၀နှင့် အမှုဆောင်များထံ ဆက်သွယ်ပေးပို့ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

မိခင် ဒေါ်စိန်တင်(မြိတ်)အား ရည်စူး၍ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းနေ ဦးတင်မော်-ဒေါ်ထားထားနွယ်၊ သား မောင်ရဲသုမော်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းလွင် လက်ခံယူစဉ်။ (က-ပ)

ညောင်ကန်အေး သာသနာ့ရိပ်သာ သကြၤန်အထူး တရားအားထုတ်ပွဲ

ရန်ကုန် မတ် ၁၂

(၂၈)ကြိမ်မြောက် မဟာသတိပဋ္ဌာန် ဝိပဿနာ အထူးတရားအားထုတ်ပွဲ ၁၅ ရက်စခန်းကို ရန်ကုန်တိုင်း အရှေ့ကြို့ကုန်း အမှတ်(၆) အင်းစိန်လမ်းမကြီး မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ (၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက်) ဧပြီ ၃ ရက် (ကြာသပတေးနေ့)မှ (၁၃၇၀ ပြည့်နှစ် ဦးတန်ခူးလဆန်း ၁၂ ရက်) ဧပြီ ၁၇ ရက်(ကြာသပတေးနေ့)အထိ ကျင်းပမည်ဖြစ်သည်။

တရားအားထုတ်လိုသူ ယောဂီများ၊ ရဟန်းခံရှင်ပြုလိုသူများ၊ သီလရှင်ဝတ်လိုသူများနှင့် အလှူဒါနပြုလိုသူများသည် ဒုလ္လဘ ရဟန်းတစ်ပါးအတွက် သပိတ်၊ သင်္ကန်း ပရိက္ခရာအစုံ ကျပ် ၁၂၀၀၀၊ ရှင်ကြီး/ရှင်ငယ်/ကိုရင်အတွက် ပရိက္ခရာအစုံကျပ် ၉၀၀၀ နှင့် ကျပ် ၈၀၀၀၊ နေ့ဆွမ်းတစ်နပ်လျှင် ကျပ် ၁၂၀၀၀၀၊ အရုဏ်ဆွမ်းကျပ် ၆၀၀၀၀ နှင့် ဖျော်ရည် ကျပ် ၁၀၀၀၀ဖြင့် ကုသိုလ်ပြုနိုင်ကြောင်းနှင့် စုစုပေါင်း ယောဂီ ၄၅၀ ခန့်သာ လက်ခံမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

သင့်သွေးဖြင့်အသက်ကယ်ပါ

မြိတ်ကျွန်းစုရှိ ရှေးဟောင်းအမွေအနှစ်များ မှတ်တမ်းတင်နိုင် ရိုးရာကပွဲများနှင့် သဘာဝမပျက်စီးသေးသည့် ဒီရေတောများရိုက်ကူးခဲ့ ခရီးသွားခဲ့သည့် အကယ်ဒမီလွင်မိုးအား တွေ့ဆုံမေးမြန်း

သတင်းဆောင်းပါး၊ ဓာတ်ပုံ - သန့်ဇင်ထွန်း(ကြေးမုံ)

ရန်ကုန် မတ် ၁၂

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီလွင်မိုး၏ ဒုတိယမြောက် ခရီးသွား

မင်းတုန်းမင်းတရားကြီး လှူဒါန်းခဲ့သည့် ပေစာထုပ်များကို တွေ့ရစဉ်။

မှတ်တမ်းဖြစ်သည့် မြိတ်ကျွန်းစုဆီသို့ ခရီးသွားမှတ်တမ်း ရိုက်ကူးခြင်းကို ဇန်နဝါရီ ၂၃ ရက်မှ မတ် ၅ ရက်အထိ တနင်္သာရီတိုင်းအတွင်း ဒေသအနှံ့အပြားသို့ သွားရောက်ရိုက်ကူးခဲ့ရာ ၎င်း၏ ခရီးစဉ်နှင့် ပတ်သက်၍ ကြေးမုံသတင်းအဖွဲ့မှ သရုပ်ဆောင် အကယ်ဒမီလွင်မိုးအား တွေ့ဆုံမေးမြန်းခဲ့သည်။

သရုပ်ဆောင် အကယ်ဒမီလွင်မိုးက ကြေးမုံသတင်းအဖွဲ့အား ၎င်း၏ ခရီးစဉ် အသေးစိတ်အချက်အလက်များကို ရှင်းပြရာတွင် ယခုခရီးစဉ်တွင် တနင်္သာရီတိုင်း ရေးမြို့ အထွက်ရှိ တနင်္သာရီတိုင်းမှ ကြိုဆိုပါ၏ဆိုသော ဆိုင်းဘုတ်မှ စတင်၍ ရိုက်ကူးခဲ့ကြောင်း၊ ယခုခရီးစဉ်မှာ ယခင်ချင်းပြည်နယ် ခရီးစဉ်နှင့်မတူဘဲ တစ်မူထူးခြားသည့် သဘာဝ ပတ်ဝန်းကျင်ရှိပြီး ကျွန်းစုပေါင်း ၈၀၀ ကျော်ပါဝင်သည့် ပင်လယ်ပြင်ကြီးပါ တည်ရှိနေသည့်အပြင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များပါ ပေါကြွယ်လှသည့် ဒေသဖြစ်ပေရာ ရိုက်ကူးမှတ်တမ်းတင်ရမည့် အချက်အလက်များစွာ ပါဝင်နေကြောင်း၊ ဤရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များကို မှတ်တမ်းတင်ခြင်းလုပ်ငန်း အဆင်ပြေစေရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဦးစီးအရာရှိတစ်ဦး ဤခရီးစဉ်၌ ကူညီအကြံပေးခဲ့ရာ ၎င်း၏ ကျွမ်းကျင်မှုအကူအညီများကြောင့် ယခုခရီးစဉ်တွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များစွာကို ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ဦးစွာ ရှင်းပြပါသည်။ ယင်းတို့အနက် မုတ္တီးမြို့ဟောင်း ထားဝယ်ကျောင်းတွင် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သည့် အုတ်ခွက်ဘုရားတစ်ဆူမှာ ပုဂံကျန်စစ်သားမင်း လက်ထက်ကဟု ယူဆရကြောင်းနှင့် လောင်းလုံမြို့နယ် ဝေဒီမြို့ဟောင်း အနီးတစ်ဝိုက်မှလည်း ရှေးဟောင်း ကျောက်ခေတ်နှောင်းပိုင်းလူသားတို့ အသုံးပြုခဲ့သည့် ကျောက်လက်နက် အသုံးအဆောင်များကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း ဆက်လက်ရှင်းပြပါသည်။

ထို့ပြင် ထားဝယ်မြို့ ရွှေသာလျောင်းဘုရားပိဋကတ်တိုက်တွင် တွေ့ရှိရသည့် မင်းတုန်းမင်း လှူဒါန်းခဲ့သည့် ပေစာများမှာလည်း သမိုင်းသုတေသီတို့အဖို့ များစွာ စိတ်ဝင်စားဖွယ်ကောင်းသည့် မှတ်တမ်းမှတ်ရာများဖြစ်ကြောင်းနှင့် အခြားရှေးဟောင်းဘုရားစေတီများကိုလည်း မှတ်တမ်းတင်ရိုက်ကူးခဲ့ပါကြောင်း ရှင်းပြခဲ့သည်။ ထို့ပြင် တစ်ခေတ်တစ်ခါက ဤဒေသနေ လူအများ ရောင်းဝယ်ဖောက်ကားရာတွင် သုံးစွဲခဲ့သည့် လက်ရာမြောက် ခဲဒင်္ဂါးများကိုလည်း တွေ့ရှိ မှတ်တမ်းတင်နိုင်ခဲ့ရာ ဤခရီးစဉ်သည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို တစ်ဖက်တစ်လမ်းမှ ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့သည့် ခရီးစဉ်လည်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် မြိတ်ဒေသ၏ ရိုးရာ ကျားကပွဲကို ယခုထက်တိုင် သက်ရှိထင်ရှားရှိနေသေးသော ကျားအကပညာရှင်များကိုခေါ်ယူ၍ လက်တွေ့ကပြမှတ်တမ်းတင်နိုင်ခဲ့သည့်အပြင် ယနေ့ခေတ် ယဉ်ကျေးမှုအက၊ ဒေသရိုးရာ ကပွဲများကိုလည်း မှတ်တမ်းတင်ရိုက်ကူးခဲ့ကြောင်း၊ ထို့အတူ ပင်လယ်ပျော်ဆလုံတို့၏ နေထိုင်မှုဘဝ ဓလေ့စရိုက်များကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ပြောပြသည်။

ဒေသစီးပွားရေး လုပ်ငန်းများကိုလည်း အချိန်ယူ မှတ်တမ်းတင်နိုင်ခဲ့ရာ ၎င်းတို့တွင် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းနှင့် ပုလဲမွေးမြူရေးလုပ်ငန်းများ ပါဝင်ကြောင်း၊ ထို့ပြင် အဓိကစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်သည့် ရော်ဘာစိုက်ပျိုးရေးနှင့် ဆီအုန်း စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ရိုက်ကူးထားရာ ဒေသတွင်း စီးပွားရေးလုပ်ငန်းများကို တစေ့တစောင်း အကဲခတ်နိုင်ကြမည်ဖြစ်ပါသည်။

ထို့ပြင်အဆိုပါဒေသတွင် ဒီရေတောများ သဘာဝအတိုင်း မပျက်မယွင်း တည်ရှိနေသေးရာ ၎င်းတောများအတွင်း ကျက်စားနေထိုင်ကြသည့် တောရိုင်းတိရစ္ဆာန်၊ ရှားပါးကျေးငှက်များကိုပါ မှတ်တမ်းတင်ထားပြီး ပင်လယ်ပြင်အခြေပြု သဘာဝရေအောက်လေ့လာရေးစခန်း DIVING SITE များသို့ပါ ခဲရာခဲဆစ် သွားရောက်၍ ရိုက်ကူးမှတ်တမ်းတင်နိုင်ခဲ့သည်။ သဘာဝငှက်သိုက်ထုတ်ယူရာ ဇီဝဖိုးငှက်များ၏ အသိုက်အမြုံများတည်ရှိသည့် ပင်လယ်တွင်းရှိ ကျွန်းများသို့ သွားရောက်ပြီး သဘာဝ ငှက်သိုက်များကို သက်စွန့်ဆံဖျား ရိုက်ကူးနိုင်ခဲ့သည့် နည်းတူ လူနေအိမ်များတွင် အသိုက်ဖွဲ့နေသော ဇီဝဖိုးငှက်သိုက်များကိုလည်း အထူးအဆန်းအဖြစ် မြင်တွေ့ကြရမည်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ ထို့ပြင် ခရီးစဉ်တွင် လိုက်ပါခဲ့သည့် ဝါရင့်ဓာတ်ပုံပညာရှင် ဦးစိန်မျိုးမြင့်က ကြေးမုံသို့ ပြောကြားရာတွင် ၎င်းအနေဖြင့် ဤဒေသသို့ ၁၉၉၆ခုနှစ်မှစ၍ ရောက်ရှိလေ့လာခဲ့ဖူးရာ ယခုအကြိမ်သည် ငါးကြိမ်မြောက်ဖြစ်ကြောင်း၊ ဤမြိတ်ကျွန်းစုဒေသသည် မြန်မာနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်အခြေအနေများ ပကတိအတိုင်း မပျက်မယွင်း တည်ရှိနေသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ယခုခရီးစဉ်တွင် မိမိအနေဖြင့် ဓာတ်ပုံအမြောက်အမြားရိုက်ကူး မှတ်တမ်းတင်နိုင်ခဲ့ရာ ဤမှတ်တမ်းမှတ်ရာများကို ကြည့်ရှုခြင်းဖြင့် ဤဒေသ၏အနာဂတ် ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာပုံရိပ်များကို အသေးစိတ် လေ့လာနိုင်ကြမည်ဖြစ်ကြောင်း၊ ဤဒေသ၏ သဘာဝ အရင်းအမြစ်များကို အခြေခံသည့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများကို တိုးတက်ကျယ်ပြန့်စေရန် ပံ့ပိုးထောက်ကူခြင်းဖြင့် နိုင်ငံခြားဝင်ငွေရှာဖွေမှုလုပ်ငန်းကို တစ်ဖက်တစ်လမ်းမှ စွမ်းဆောင်နိုင်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း ဤခရီးစဉ်မှတ်တမ်းများက စွမ်းဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

သရုပ်ဆောင်လွင်မိုး၏ မြိတ်ကျွန်းစုများဆီသို့ ခရီးသွားမှတ်တမ်းကို မိနစ် ၄၀ ကြာ ဓာတ်လမ်းပိုင်း ၁၅ ပိုင်း ရိုက်ကူးထားခဲ့ရာ တည်းဖြတ်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပြီး လာမည့် မေလဆန်းပိုင်းတွင် ရုပ်မြင်ပရိသတ်တို့အား ပြသနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

'လွင်မိုး ခရီးသွားနေသည်' ရုပ်မြင်ဓာတ်လမ်းတွဲများကို စောင့်စားကြည့်ရှုကြရဦးမည် ဖြစ်ပါသည်။ (ကြေးမုံ)

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များစွာကို ဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့။
(အကယ်ဒမီလွင်မိုး)

ဤဒေသ၏ နောင်အနာဂတ် ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာပုံရိပ်များကို အသေးစိတ် လေ့လာနိုင်ကြမည်။ (ဦးစိန်မျိုးမြင့်)

မြိတ်ကျွန်းစုများဆီသို့ ခရီးသွားမှတ်တမ်းကို ဤနေရာမှ စတင်ရိုက်ကူးခဲ့ကြသည်။

အကာမပစ်က အနှစ်မရနိုင်

အနှစ်မရှိသော ကာမဂုဏ်ကိလေသာတို့ကို အနှစ်ဟု မှတ်ထင်တွယ်ကပ်နေပြီး အနှစ်အစစ်အမှန်ဖြစ်သော သူတော်ကောင်းတရားတို့ကို အကာဟုထင်မှတ်ကာ ပစ်ပယ်ကြသူများသည် သီလ စသော ဂုဏ်ကျေးဇူးအနှစ် အစစ်အမှန်တို့ကို မရနိုင်ကြကုန်။

(ဓမ္မပဒ ၁၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၃-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"တရားတစ်ပုဒ်ရဲ့ကျေးဇူး"တရားတော် (တောင်စွန်းဆရာတော် ဓမ္မဒူတအရှင်ဝိမလ)
၈း၁၅-၂း၁၅	နိဗ္ဗာန်ဆီသို့...... အမေးအဖြေများ
၈း၃၅-၂း၃၅	တေးဂီတအစီအစဉ်
၈း၄၀-၂း၄၀	ပြည်တွင်းအနုပညာရေးရာ
၉း၀၀-၃း၀၀	ကျောက်ကပ်နှင့် ကျောက်ကပ်ရောင်ရောဂါအကြောင်း (ပါမောက္ခဒေါက်တာခင်မောင်ဌေး)
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူပွဲ မင်္ဂလာအခမ်းအနား
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀-၄း၁၀	တောင်ကြီးမြို့ရဲ့ တုမရှိလောကချမ်းသာစူဠာမုနိ
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	နယဉ်ဆန်းထွင် ပန်းအလှဆင်
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	ချိုသော အေးသော မွှေးသော ရင်ကိုစွဲငြိစေသော စားသောက်ဖွယ်ရာ
၁၁း၃၀-၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅-၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀-၅း၄၀	Activities in The City
၁၁း၅၀-၅း၅၀	မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ကာကွယ်ကယ်ဆယ်ရေး လုပ်ငန်းများ(ကျေးလက်တောရွာ)
၁၂း၁၀-၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅-၆း၁၅	တိုင်းရင်းဆေးပညာရှင်များ၏ ဝိဇ္ဇာဓရနယဆေးပညာဆွေးနွေးပွဲ
၁၂း၄၀-၆း၄၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပီပီပီပါတီက ပါကစ္စတန်နိုင်ငံအတွက် ဝန်ကြီးချုပ် ရွေးချယ်သွားမည်

အစ္စလာမ္မာဘတ် မတ် ၁၁

ပါကစ္စတန်နိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတို၏ ခင်ပွန်းသည် ပါကစ္စတန်ပြည်သူ့အာဏာပါတီ(ပီပီပီ)၏ ခေါင်းဆောင်များနှင့် မတ် ၁၀ ရက်က တွေ့ဆုံပြီးနောက် နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်မည့် ပုဂ္ဂိုလ်ကို သတ်မှတ်သွားမည် ဖြစ်သည်။ ဘနာဇီယာဘူတို လုပ်ကြံခံရပြီးနောက်ပိုင်း ပီပီပီပါတီ၏ ခေါင်းဆောင်အဖြစ် ၎င်း၏ခင်ပွန်း အာဆစ်ဖ်အလီဇာဒါရီက တာဝန်ယူခဲ့သည်။ ဇာဒါရီသည် ယခင်ဝန်ကြီးချုပ်ဟောင်း နဝပ်ရှာရစ်ဖ်နှင့် မတ် ၉ ရက်က တွေ့ဆုံပြီးနောက် ညွန့်ပေါင်းအစိုးရဖွဲ့ရန် သဘောတူညီခဲ့သည်။

အမေရိကန်၏ မဟာမိတ်မူရှာရက်ဖ်သည် ၎င်းအာဏာရှိစဉ်က ပါကစ္စတန်နိုင်ငံ၏ တရားသူကြီးချုပ်ကို ရာထူးမှ ဖယ်ရှားခဲ့သည်။ယခုအခါ ရွေးကောက်ပွဲအနိုင်ရပါတီနှစ်ခုသည် ညွန့်ပေါင်းအစိုးရဖွဲ့ရန် သဘောတူညီခြင်း၊ ရာထူးမှဖယ်ရှားခံရသူ တရားသူကြီးချုပ်အား ရာထူးပြန်လည်ပေးရန် ကြိုးပမ်းခြင်းဖြင့် မူရှာရက်ဖ်ကို ဆန့်ကျင်ခဲ့ကြသည်။

ပါကစ္စတန်နိုင်ငံ၌ ကျင်းပသော ဖေဖော်ဝါရီ ၁၈ ရက်နေ့ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်နေရာ ထက်ဝက်ကျော်ကို ပီပီပီပါတီက အနိုင်မရရှိခဲ့သော်လည်း ကိုယ်စားလှယ်နေရာကို အများဆုံး ရရှိခဲ့သည်။ သို့ဖြစ်၍ ယင်းပါတီမှ ဝန်ကြီးချုပ်တစ်ဦး ရွေးချယ်ပေးရန် နဝပ်ရှာရစ်ဖ်နှင့် သဘောတူညီခဲ့ပြီးဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အာရပ်ပြည်ထောင်စုစော်ဘွားများနိုင်ငံ၌ မြူများဆိုင်းနေသည့်အတွက် မတ် ၁၁ရက် နံနက်ပိုင်းက အဝေးပြေးလမ်းမပေါ်တွင် ယာဉ်အများအပြားဆင့်၍ တိုက်မိမှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

သက်ဆင်နိုင်ငံရေးခိုလှုံခွင့်တောင်းမည်ဆိုသည်မှာ မဟုတ်မှန်

ဗန်ကောက် မတ် ၁၁

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်သည် နိုင်ငံခြားတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံရန် စီစဉ်နေသည်ဆိုခြင်းသည် မဟုတ်မမှန်ကြောင်း ထိုင်း ဒုတိယဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီး ဆွန်ချိုင်းဝေါင်ဆာဝပ်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

လွှတ်တော်အမတ်ဟောင်း ပရာဆောင်ဆွန်ဆီရိက သက်ဆင်သည် မတ် ၁၃ ရက်တွင် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာရန် တရားရုံးချုပ်မှ ခွင့်ပြုမိန့်တောင်းခံခြင်းအားဖြင့် နိုင်ငံခြားတွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံရန် လမ်းကြောင်းရှာနေသည်ဟု ပြောသည်။ ၎င်း၏ပြောကြားချက်ကို ဒုဝန်ကြီးချုပ်က တုံ့ပြန်ခြင်းဖြစ်သည်။

သက်ဆင်သည် အဝေးသို့ထွက်ပြေးရန် အကြောင်းမရှိကြောင်း၊ ၎င်းအား စွပ်စွဲထားသည့် လာဘ်စားသည်ဆိုသောအမှုကို ရင်ဆိုင်ဖြေရှင်းရန် ပြန်လာခြင်းဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်လေကြောင်းလိုင်းက ဘိုးရင်းလေယာဉ်ရှစ်စင်းဝယ်ယူမည်

ဒါကာ မတ် ၁၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိကလေကြောင်းလုပ်ငန်းဖြစ်သည့် ဘီမန်းလေကြောင်းလိုင်းသည်ဟောင်းနွမ်းနေသော လေယာဉ်များနေရာတွင် အစားထိုးရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၆၅ ဘီလီယံ အကုန်အကျခံ၍ ဘိုးရင်းလေယာဉ် ရှစ်စင်းကို ဝယ်ယူဖြည့်တင်းကာ အသုံးပြုသွားမည် ဖြစ်ကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဘီမန်းလေကြောင်းလိုင်းသည် မတ် ၁၅ ရက်တွင် ဘိုးရင်းလေယာဉ် ဝယ်ယူရေးနှင့် ပတ်သက်၍ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးသွားရန် ရှိသည်ဟု မြို့ပြလေကြောင်းလုပ်ငန်း အကြံပေး မာဘဗ်ဇာမီးလ်က မတ် ၁၀ ရက်တွင် ပြောကြားသည်။ လောလောဆယ်အခြေအနေတွင် ထိုလေကြောင်းလိုင်း၏ လက်ဝယ်၌ လေယာဉ် ၁၁ စင်း ပိုင်ဆိုင်ထားသော်လည်း လေယာဉ်ငါးစင်းမှ ခြောက်စင်းအထိသာလျှင် လုပ်ငန်းခွင်၌ ပြေးဆွဲလျက်ရှိသည်။

ယင်းလေကြောင်းလိုင်းက ဝယ်ယူထားသောလေယာဉ်များအနက်လေးစင်းကို ၂၀၁၃ခုနှစ်တွင်ရရှိမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ကျန်လေယာဉ်များကိုရရှိမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘရာဇီး၌ ရေလွှမ်း လူခုနစ်ဦးသေဆုံး

ရီယိုဒီဂျနေးရိုး မတ် ၁၂

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တွင် ရုတ်တရက်ရေကြီးမှုဖြစ်ပွားခဲ့သောကြောင့် အသက် ၁၀နှစ်အရွယ် မိန်းကလေးတစ်ဦးအပါအဝင် ခုနစ်ဦးသေဆုံးခဲ့ပြီး လေးဦးခန့်ပျောက်ဆုံးနေသည်ဟုမီးသတ်တပ်ဖွဲ့က မတ် ၁၀ရက်တွင် ပြောကြားသည်။

မိုးသည်းထန်စွာ ရွာခဲ့သဖြင့် မြစ်ရေတက်လာပြီး ရေစီးအားသန်လာသဖြင့် လူများမျောပါသွားသည်။ ၎င်းတို့သည် ဂူယာပီမီရမ် မြူနီစီပါယ်ဒေသရှိ ရေတံခွန်တစ်ခုအနီး၌ နေပူဆာလှုံနေသူများဖြစ်သည်။

မြစ်ရေတက်လာပြီး ရေစီးသန်လာချိန်တွင် ထိုရေတံခွန်၌ ရေချိုးနေသူ ၅၀ခန့်ရှိမည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ခန့်မှန်းထားသည်။

ဘရာဇီးနိုင်ငံတွင် ထိုကဲ့သို့ အဖြစ်အပျက်သည် ကြုံတွေ့နေကျဖြစ်သည်။ မြစ်များ၏ကမ်းစပ်ပိုင်းတွင် ရာသီဥတုသာယာနေချိန်တွင် တစ်ခါတစ်ရံ ရေစီးပြင်းထန်လာတတ်သည်။ ထိုဒေသသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့ရှိသည်။ ပျောက်ဆုံးသူများကို ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျပန်နိုင်ငံ အိုင်ရှီကာဝါ ရှီကာမြို့ကမ်းခြေတွင် မီးကာဝတ်စုံဝတ်ဆင်၍မီးလောင်နေသောစန္ဒရားကိုတီးခတ်ဖျော်ဖြေနေသူ အနုပညာရှင်ယိုစူကီရာမာရှီကာကို မတ်၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဒုတိယကမ္ဘာစစ်အတွင်းက နစ်မြုပ်ခဲ့သော ဗြိတိသျှစစ်သင်္ဘော နော်ဝေကမ်းလွန်၌ ရှာဖွေတွေ့ရှိ

အော့စလို မတ် ၁၁

ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်တို့နှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် ရေတပ်သား ၁၀၀နှင့်အတူ နစ်မြုပ်သွားသော ဗြိတိသျှရေတပ်သင်္ဘောပျက်ကို ပင်လယ်ကြမ်းပြင်၌ ပြန်လည်ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း နော်ဝေရေတပ်ဖွဲ့က ပြောကြားသည်။

အာတိတ်ကမ်းခြေ နာဗစ်ဆိပ်ကမ်းမှ ထွက်ခွာအပြီး တိုက်ပွဲနှစ်ကြိမ်ဖြစ်ပွားပြီးနောက် ဗြိတိသျှသင်္ဘော အိတ်ချ်အမ်အက်စ်ဟန်တာနစ်မြုပ်သွားခဲ့သည်။ အဆိုပါရေပြင်တွင် တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားပြီး သင်္ဘောအများအပြားနစ်မြုပ်သွားခဲ့သည်။ နော်ဝေရေတပ်သင်္ဘော ကေအင်န်အမ်တိုင်ရာသည် ဗြိတိသျှသင်္ဘော နစ်မြုပ်သွားသည်ဟု ယူဆရသောနေရာ၌ ၁၄ နာရီမျှ ရှာဖွေမှုများပြုလုပ်ပြီးနောက် ရှာဖွေတွေ့ရှိခြင်းဖြစ်သည်ဟု ဗိုလ်တွန်သော်ဂရင်မ်ဆန်က ပြီးခဲ့သော သီတင်းပတ်တွင် ပြောကြားသည်။ ကေအင်န်အမ်တိုင်ရာသင်္ဘောသည် ရေအောက် မီတာ ၁၀၀၀ အနက်တွင် ရှိသော ပစ္စည်းပစ္စယများကို ရှာဖွေနိုင်သည့် ကိရိယာသစ်ကို တပ်ဆင်ထားပြီး ထိုကိရိယာကိုစမ်းသပ်နေခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဒုံးကျည်ဖြင့်ပစ်ခတ်မှု မရပ်တန့်နိုင်ဟု ဟားမတ်စ်ပြောကြား

ဂါဇာ မတ် ၁၁

အစ္စရေးတို့အနေဖြင့်ရန်လိုမှုနှင့်ဥပဒေချိုးဖောက်မှု စသည့် ပြုမူချက်များအားလုံးကို ရပ်တန့်မှုမပြုလုပ်လျှင် ဟားမတ်စ်အဖွဲ့အနေဖြင့် ဒုံးကျည်ဖြင့်ပစ်ခတ်မှုများ ရပ်တန့်နိုင်မည်မဟုတ်ကြောင်းအစ္စလာမ္မစ်ခုခံရေး လှုပ်ရှားမှုအဖွဲ့(ဟားမတ်စ်)၏ ပြောရေးဆိုခွင့်ရှိသူ ဆာမီဘူဇူဟီကပြောကြားသည်။

မိမိတို့၏ ရပ်တည်ချက်သည် ပြတ်သားကြောင်း၊ အစ္စရေး၏ရန်လိုမှုနှင့် ဥပဒေချိုးဖောက်သည့် လုပ်ရပ်တို့ကို ပထမဆုံးရပ်ဆိုင်းရမည်ဖြစ်ကြောင်း၊ ထို့နောက်တွင်မှ အပစ်အခတ်ရပ်စဲရေး စတင် ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း ဟားမတ်စ် ပြောရေးဆိုခွင့်ရှိသူ အဘူဇူဟီက ရှင်းလင်းပြောကြားသည်။ ပါလက်စတိုင်းတို့၏ ဒေသများတွင် တည်ငြိမ်မှုရရှိရေး အစီအစဉ်များကို အီဂျစ်နိုင်ငံက စီစဉ်လျက်ရှိသည်ဟု ဆိုသည်။ ထိုအစီအစဉ်တွင် ဟားမတ်စ်တို့ စိုးမိုးထားသည့် ဂါဇာကမ်းမြောင်ကို ဖြတ်သန်း သောနေရာကို ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ်လည်းပါဝင်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပြင်သစ်ကမ်းခြေလေပြင်းတိုက် ကုန်သင်္ဘောကမ်းပေါ်တင်

ရင်းနစ်(ပြင်သစ်) မတ် ၁၁

လေပြင်းတိုက်ခတ်မှုကြောင့် ပြင်သစ်နိုင်ငံ၏ အတ္တလန္တိတ်ကမ်းခြေတွင် ကုန်သင်္ဘောတစ်စင်း ကမ်းတင်သွားပြီး အနောက်မြောက်ပိုင်းတွင် မော်တော်ဘုတ်တစ်စင်း တိမ်းမှောက်သွားကာ လူတစ်ဦး ရေနစ်သွားကြောင်း တနင်္လာနေ့တွင် တာဝန်ရှိသူများက ပြောကြားသည်။ အတ္တလန္တိတ်ကမ်းခြေ လက်စ်ဆေး ဘယ်လ်ဒီလွန်းနဲ့ အပန်းဖြေစခန်းတွင် ဒတ်ချ်နိုင်ငံ၌ မှတ်ပုံတင်ထားသော အာတီမစ်သင်္ဘောသည် လေပြင်းရိုက်ချက်ကြောင့် သဲသောင်ပြင်ပေါ်သို့ ရောက်ရှိသွားကြောင်းပြင်သစ်ရေကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဘာရက်စ်မြို့အနီးရေလက်ခါဟောင်းဆိပ်ကမ်းငယ်တွင် ကြီးမားသော လှိုင်းလုံးကြီးတစ်လုံး ရိုက်ခတ်မှုကြောင့် မော်တော်ဘုတ်တစ်စင်းမှ လူတစ်ဦး ရေနစ်သွားကြောင်း၊ ၎င်း၏အလောင်းကို တနင်္လာနေ့အစောပိုင်းက ဆယ်ယူရရှိခဲ့ကြောင်း အာဏာပိုင်များက ဆက်လက်ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

စပိန်နိုင်ငံ မဒရစ်မြို့၌ ဖြစ်ပွားခဲ့သည့် ရထားဗုံးပေါက်ကွဲမှုအမှတ်တရ လေးနှစ်မြောက် အခမ်းအနား ကျင်းပနေသည်ကို မတ် ၁၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အနောက်ဘက်ကမ်း အစ္စရေးပြန်ဖွင့်ပေး

ဂျေရုဆလင် မတ် ၁၁

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တွင် လွန်ခဲ့သောကြာသပတေးနေ့က ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် အနောက်ဘက်ကမ်းကို ပိတ်ထားခဲ့ရာ တနင်္ဂနွေနေ့ညနေက ပြန်လည်ဖွင့်ပေးလိုက်ကြောင်း ဆင်ဟွာသတင်းဌာနသို့ အစ္စရေးကြည်းတပ် ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက တနင်္လာနေ့ နံနက်ပိုင်းတွင် အတည်ပြု ပြောဆိုသည်။

ထိုပစ်ခတ်မှုကြောင့် အစ္စရေးရဲတပ်ဖွဲ့အား တပ်လှန့်ထားခြင်းကို ဆက်လက်ပြုလုပ်ထားသည်။

လူသားချင်း ညှာတာထောက်ထားရေးကိစ္စနှင့် ကျန်းမာရေးကိစ္စမှလွဲ၍ အနောက်ဘက်ကမ်းကို ပိတ်ထားရန် ကာကွယ်ရေးဝန်ကြီး အီဟုတ်ဘာရက်က ပြီးခဲ့သော သောကြာနေ့တွင် အမိန့်ထုတ်ခဲ့ခြင်းဖြစ်သည်။

စနေနေ့က အစ္စရေးကြည်းတပ်တွင် အခြေအနေပြန်လည်သုံးသပ်ရေးအစည်းအဝေးကျင်းပပြီးနောက် နောက်ထပ် ၂၄နာရီဆက်လက်ပိတ်ထားရန်ဆုံးဖြတ်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ လယ်ယာထွက်ကုန် ရာနှုန်းပြည့်နီးပါး နိုင်ငံတကာအရည်အသွေး သတ်မှတ်ချက်ထက် မြင့်မားဟုပြောကြား

ပေကျင်း မတ် ၁၂

တရုတ်နိုင်ငံမှ ပြည်ပပို့ လယ်ယာထွက်ကုန်ပစ္စည်းများ၏ ၉၉ ဒသမ ၄၂ရာခိုင်နှုန်းသည် နိုင်ငံတကာ အရည်အသွေးသတ်မှတ်ချက်ထက်မြင့်မားကြောင်းဂျပန်နိုင်ငံ၌ပြုလုပ်သည့် အရည်အသွေးစမ်းသပ်မှုရလဒ်ကိုကိုးကား၍ တရုတ်လယ်ယာ စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

တရုတ်နိုင်ငံမှ ထွက်ကုန်ပစ္စည်းများကို ဂျပန်နိုင်ငံတွင် မကြာခဏစမ်းသပ်ခဲ့ရာ အကောင်းဆုံးအရည်အသွေး ရရှိခဲ့သည်ဟု လယ်ယာစိုက်ပျိုးရေးဌာနမှ ဈေးကွက်နှင့် စီးပွားရေးဌာန တာဝန်ရှိပုဂ္ဂိုလ် ဖန်ယူကျန်က ပြောကြားသည်။

တရုတ်နိုင်ငံ၏ လယ်ယာထွက်ပစ္စည်း ၉၉ ဒသမ ၄၂ရာခိုင်နှုန်းသည် နိုင်ငံတကာ ပျမ်းမျှအရည်အသွေး စံချိန်ထက် မြင့်မားသည်ဟု ဂျပန် ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနက ဖော်ပြသည်။

ထို့ပြင် တရုတ်နိုင်ငံ၏ ပြည်ပပို့ကုန်ပစ္စည်းအရည်အသွေးများမှာ အမေရိကန်၊ ဥရောပသမဂ္ဂ စံချိန်တို့ထက် မြင့်မားသည်ဟု ဖန်ယူကျန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရီပတ်ဘလီကန် သမ္မတလောင်း ဂျွန်မက်ကိန်း အစ္စရေး၊ ဗြိတိန်နှင့် ပြင်သစ်သို့သွားမည်

စိန့်လူးဝစ္စ မတ် ၁၂

အမေရိကန်ပြည်ထောင်စု ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်း ဂျွန်မက်ကိန်းသည် အစ္စရေး၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံများသို့ လာမည့်ရက်သတ္တပတ်တွင် ခရီးသွားရောက်ရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းအရသိရှိရသည်။

မက်ကိန်းသည် လာမည့် နိုဝင်ဘာရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီနှင့် ယှဉ်ပြိုင်အရွေးခံမည့် ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်းတစ်ဦးဖြစ်သည်။ ၎င်းသည် အရှေ့အလယ်ပိုင်းပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးရန်အတွက် မတ် ၁၈ရက်တွင် ဂျေရုဆလင်သို့ သွားရောက်မည်ဖြစ်သည်။ ၎င်းသမ္မတအဖြစ် ရွေးချယ်ခံရပါက ယင်းပြဿနာအပေါ် အလေးပေးဆောင်ရွက်မည်ဟု ပြောကြားသည်။

အစ္စရေးနယ်စပ်တွင် အပြန်အလှန်ပစ်ခတ်နေကြသဖြင့် တင်းမာမှု ဖြစ်ပေါ်နေပြီး ဂါဇာကမ်းမြောင်ကို အုပ်ချုပ်နေသည့် အကြမ်းဖက်အဖွဲ့အစည်း ဖြစ်သည့် ဟားမတ်စ်ကလည်း လက်ဘနွန်တောင်ပိုင်းတွင် မငြိမ်မသက် ဖြစ်အောင်လုပ်ဆောင်နေကြောင်း၊ ကိုင်တွယ်ဖြေရှင်းရမည့် ကြီးမားသည့် ပြဿနာရှိနေကြောင်း ၎င်းက ဖိနစ်မြို့တွင် သတင်းစာဆရာများသို့ ပြောကြားသည်။

၎င်းသည် မတ် ၁၉ရက်နှင့် ၂၀ရက်တို့တွင် လန်ဒန်၊ မတ် ၂၁ရက်တွင် ပါရီ မြို့သို့ သွားရောက်မည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မစ္စစ္စပီမဲဆန္ဒနယ်တွင် အနိုင်ရရှိသွားသော အီလီနွိုက်ပြည်နယ် ဆီနိတ်တာ ဘာရက်အိုဘားမား။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ ကိုလံဘီယာနယ်စပ်သို့ လာရောက်ရန် အီကွေဒေါကြိုးပမ်း

ကွီတို မတ် ၁၂

အမေရိကန်နိုင်ငံများအဖွဲ့ (အိုအေအက်စ်)က လုံခြုံရေးအတွက် အာမခံပေးနိုင်ခြင်းမရှိပါက ကိုလံဘီယာနှင့် ထိစပ်နေသည့် အီကွေဒေါနယ်စပ်တွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များကို ကြီးကြပ်အုပ်ချုပ်ရန် အီကွေဒေါလုံခြုံရေးဝန်ကြီး ဂုတ်စတာဗိုလာရီယာက ဖိတ်ခေါ်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

မိမိတို့က နယ်စပ်ဒေသ၏လုံခြုံရေးကိုအာမခံနိုင်ရေးအတွက် အိုအေအက်စ်ကို အလိုရှိကြောင်း၊ သို့ရာတွင် ၎င်းတို့က လုပ်ဆောင်နိုင်ခြင်းမရှိပါက ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့များ၏အကူအညီကို တောင်းခံရမည်ဖြစ်ကြောင်း လာရီယာက တနင်္လာနေ့တွင် ပြောကြားသည်။

နိုင်ငံတကာ ကြီးကြပ်မှုအောက်မှ ကိုလံဘီယာက ကီလိုမီတာ ၆၀၀ခန့်ရှိ နှစ်နိုင်ငံ နယ်စပ်ဒေသတွင် မည်သို့မည်ပုံအုပ်ချုပ်နိုင်မည့် ကိစ္စအပေါ် အိုအေအက်စ်က ဆုံးဖြတ်သင့်သည်ဟု လာရီယာက ပြောကြားသည်။

ကိုလံဘီယာဘက်က အီကွေဒေါနယ်မြေပိုင်နက်တွင် စီးနင်းရှာဖွေမှုများ မပြုလုပ်ရန်၊ အာမခံချက်ရရှိရန်လည်း အီကွေဒေါက ကြိုးပမ်းနေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကိုလံဘီယာက ယင်း၏နယ်စပ်တွင် နိုင်ငံတကာငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ ဖြန့်ကြက်မှုကို ဆန့်ကျင်နေပြီး ယင်းနယ်စပ်တွင် လူသိရှင်ကြား ကြီးကြပ်အုပ်ချုပ်သည့် လုပ်ငန်းများ ဆောင်ရွက်နေသည်ဟု လာရီယာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မစ္စစ္စပီ မဲဆန္ဒနယ်တွင် အိုဘားမားအနိုင်ရ ဟီလာရီကလင်တန် ပင်ဆယ်လ်ဗေးနီးယားတွင် ကြိုးပမ်းရမည်

ဝါရှင်တန် မတ် ၁၂

အမေရိကန်ပြည်ထောင်စု မစ္စစ္စပီပြည်နယ်တွင် မတ် ၁၁ ရက်က ဒီမိုကရက်ပါတီတွင်း အကြိုအခြေခံသမ္မတလောင်း ရွေးပွဲကို ဆက်လက်ပြုလုပ်ရာ ဘာရက်အိုဘားမားက ယှဉ်ပြိုင်ဘက် ဟီလာရီကလင်တန်အပေါ် အလွယ်တကူ အနိုင်ရရှိသွားသည်။

၎င်းတို့နှစ်ဦးသည် နောက်ထပ်မဲရွေးပွဲတစ်ခုကို သီတင်းပတ်အတန်ကြာပြီးနောက် ပင်ဆယ်လ်ဗေးနီးယားပြည်နယ်၌ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယခုပွဲတွင် အိုဘားမားအနိုင်ရရှိထားသဖြင့် နောက်တစ်ပွဲအတွက် ပို၍အရှိန်ကောင်းကောင်းဖြင့် ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

အိုဘားမားအနေဖြင့် ၎င်းသာသမ္မတရွေးပွဲ၌အနိုင်ရခဲ့လျှင် အမေရိကန်နိုင်ငံအတွက် ပထမဦးဆုံးသော လူမည်းသမ္မတဖြစ်လာရန်ရှိသည်။ ၎င်းသည် လူမည်းများ၏မဲကို ရရှိထားသည့်အပြင် ပါတီတွင်း ကိုယ်စားလှယ်အများအပြားကလည်း မဲပေးထောက်ခံမည် ဖြစ်ကြောင်း အာမခံချက်ရရှိထားပြီး ဖြစ်သည်။ ကိုယ်စားလှယ်မဲအရေအတွက်တွင် အိုဘားမားက ကလင်တန်ထက် အသာရလျက်ရှိသည်။ ၎င်းသည် စနေနေ့ကကျင်းပပြီးစီးသွားသော ဝိုင်အိုမင်းမဲဆန္ဒနယ်၌လည်း အနိုင်ရရှိခဲ့သည်။

ပြည်နယ်အများအပြားက နိုင်ငံတွင်း၌ ဖြည်းဖြည်းနှင့်မှန်မှန် အပြောင်းအလဲကို ဆန္ဒရှိနေကြောင်းပြသလျက်ရှိသည်။ မစ္စစ္စပီပြည်နယ်သည်လည်း အလားတူ သဘောဆန္ဒရှိသည်ကို ယခုဆန္ဒမဲပေးပွဲက ပြသလိုက်ခြင်းပင်ဖြစ်သည်ဟု မီဒီယာနှင့်တွေ့ဆုံမေးမြန်းရာ၌ အိုဘားမားက ဖြေကြားသွားသည်။

အပြိုင်မဲဆွယ်

ယှဉ်ပြိုင်ဘက်နှစ်ဦးစလုံးသည် ယခုအခါ ပင်ဆယ်လ်ဗေးနီးယား၌ ရောက်ရှိလျက်ရှိပြီး အပြိုင်မဲဆွယ်စည်းရုံးလျက်ရှိကြသည်။ ထိုပြည်နယ်တွင် မဲပေးပွဲကို ဧပြီ ၂၁ ရက်၌ ကျင်းပမည်ဖြစ်သည်။ ယင်းပြည်နယ်သည် ကိုယ်စားလှယ်မဲပေါင်း ၁၅၈ဦး၏ မဲများကိုရရှိနိုင်သော ပြည်နယ်ဖြစ်၍ ယှဉ်ပြိုင်ရန် ကျန်ရှိသောမဲဆန္ဒနယ်များအနက် အကြီးဆုံးနှင့် အရေးအပါဆုံးသော ပြည်နယ်ပင်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် နေရာကို မတ် ၁၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ပြင်သစ်နှင့် ဗြိတိန်တွင် အတ္တလန္တိတ်သမုဒ္ဒရာဘက်မှ လေပြင်းတိုက်၍ နှစ်ဦးသေဆုံး

ရီနီစ်(ပြင်သစ်) မတ် ၁၂

ဗြိတိန်နိုင်ငံတောင်ပိုင်းနှင့် ပြင်သစ်နိုင်ငံမြောက်ပိုင်းတို့တွင် မတ် ၁၀ ရက်က အတ္တလန္တိတ်သမုဒ္ဒရာဘက်မှ မုန်တိုင်းအဆက်မပြတ်တိုက်ခတ်မှုကြောင့် နှစ်ဦးသေဆုံးပြီး ငါးဖမ်းသင်္ဘောတစ်စင်း နစ်မြုပ်သွားသည်။ ထို့အပြင် ကုန်တင်သင်္ဘောတစ်စင်းမှာလည်း လှိုင်းလေကြောင့် ပြင်သစ်ကမ်းရိုးတန်းတွင် သောင်တင်သွားသည်။

မတ် ၉ရက်ကတည်းကစ၍ တိုက်ခတ်သောမုန်တိုင်းကြောင့် သစ်ပင်များ၊ ဓာတ်အားတိုင်များပါ ပြိုလဲကုန်သည့်အတွက် ဓာတ်အားများလည်း ပြတ်တောက်သွားသည်။ ဘရစ်တန်နီအနောက်ဘက်ဖျားရှိ ရီလက်ကာဟူတွန်ဆိပ်ကမ်းမှ လှေငယ်တစ်စင်းသည် မတ် ၉ရက်ကဖြစ်ပွားသောလှိုင်းနှင့်လေဒဏ်ကြောင့် နစ်မြုပ်သွားရာ (၁၆)နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးမှာ ရေနစ်သေဆုံးသွားရသည်။

ထိုအမျိုးသား၏အလောင်းကို မတ် ၁၀ရက် နံနက်ပိုင်းတွင်တွေ့ရှိခဲ့ပြီး အခြားလူတစ်ဦးကို ပင်လယ်ပြင်ရှိ ငါးဖမ်းစက်လှေတစ်စင်းက ကယ်တင်ခဲ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

သီရိလင်္ကာမြောက်ပိုင်း၌ တိုက်ခိုက်မှုများဖြစ် တမီလ်ကျားသူပုန် ၁၃ ဦးသေဆုံး

ကိုလံဘို မတ် ၁၂

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းတွင် မတ် ၁၀ ရက်က တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားပြီး တမီလ်ကျားသူပုန် ၁၀ဦးထက်မနည်းနှင့် သီရိလင်္ကာတပ်ဖွဲ့သုံးဦးတို့ သေဆုံးကြောင်း စစ်ဘက်က ပြောကြားသည်။

မန်နာခရိုင် အီလန်သီဇန်အရပ်တွင် နံနက် ၄ နာရီခွဲခန့်၌ အယ်လ်တီတီအီးအဖွဲ့ (လွတ်မြောက်ရေးတမီလ်ကျားသူပုန်)၏ ကတုတ်ကျင်းများတစ်လျှောက်ကို သီရိလင်္ကာတပ်ဖွဲ့က စတင်တိုက်ခိုက်ခဲ့ကြောင်း အမျိုးသားလုံခြုံရေးတပ်ဖွဲ့သတင်းဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါတိုက်ပွဲတွင် သီရိလင်္ကာတပ်ဖွဲ့သည် အယ်လ်တီတီအီး ကတုတ်ကျင်းရှစ်ကျင်းကို သိမ်းပိုက်နိုင်ခဲ့ပြီး ခုခံသူ သူပုန်၁၀ဦးသေဆုံးခဲ့သည်ဟု တာဝန်ရှိသူက ပြောကြားသည်။

ယင်းတိုက်ပွဲ၌ သီရိလင်္ကာတပ်ဖွဲ့ဝင်သုံးဦးလည်း သေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိခဲ့သည်။ တစ်ချိန်တည်းမှာပင် အမ်ပါရာဒေသအရှေ့ပိုင်းတွင် မတ် ၁၀ ရက်ညနေပိုင်း၌ လုံခြုံရေးတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် အယ်လ်တီတီအီးသူပုန်နှစ်ဦး သေဆုံးကြောင်း စစ်ဘက်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် လင်ဟွာမြို့တွင် လျှပ်စစ်ဓာတ်အား သက်သာသော မီးသီးများအား လိုက်လံတပ်ဆင်နေသည်ကို မတ် ၁၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယတွင် ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွား

နယူးဒေလီ မတ် ၁၁

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း၌ ကြက်ငှက်တုပ်ကွေး ထိန်းချုပ်လိုက်နိုင်ပြီဟု အာဏာပိုင်များက ထုတ်ပြန်ကြေညာပြီး တစ်လအကြာတွင် ကြက်ငှက်တုပ်ကွေးထပ်မံဖြစ်ပေါ်လာရာ ကြက်ထောင်ပေါင်းများစွာကို တိရစ္ဆာန်ကုသရေးဝန်ထမ်းများက မတ် ၁၀ရက်တွင် သတ်ဖြတ်ခဲ့ရသည်။

အနောက်ဘင်္ဂလားနယ် ဖူရီဒါဘိုင်ဒေသတွင် ကြက်ငှက်တုပ်ကွေးဖြစ်ပွားသည်ဟု သတင်းထုတ်ပြန်ခဲ့ကြောင်း၊ ရက်သတ္တပတ်နှစ်ပတ်ကျော်တွင် ထိုဒေသရှိ ကြက်နှင့်ဘဲ အကောင် ၉၀၀ သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဇန်နဝါရီလတွင် ဖူရီဒါဘတ်ဒ် ဒေသအပါအဝင် ဒေသ ၁၉ခုအနက်၁၃ခုတွင် H_5N_1 ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့သည်။ ယင်းဒေသတွင် ကြက်ငှက်ရောင်းချမှုနှုန်းသည် ၇၀ရာခိုင်နှုန်းကျော် ကျဆင်းခဲ့သည်။ သို့သော် နိုင်ငံတွင်းရှိ ကျန်ဒေသများ၌လည်း ကြက်ငှက်ရောင်းချမှုကို ပိတ်ပင်ထားသည်။

အိန္ဒိယနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဆိုးရွားစွာ ဖြစ်ပေါ်နေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)၏ ထုတ်ပြန်ချက် ပေါ်ထွက်လာပြီးနောက် ယင်းဒေသတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြက်ငှက် ၃ဒသမ ၄သန်းကျော်ကို သတ်ဖြတ်ခဲ့သည်။

ကြက်ငှက်တုပ်ကွေး လူတို့၌ ဖြစ်ပွားမှုကို မတွေ့ရှိပေ။ H_5N_1 ဗိုင်းရပ်စ်ပိုးသည် လူတစ်ဦးမှတစ်ဦးသို့ လွယ်ကူစွာကူးစက်သွားပါက ကမ္ဘာတစ်ဝန်းတွင် လူသန်းပေါင်းများစွာ သေဆုံးနိုင်သည့်အတွက် ကျွမ်းကျင်ပညာရှင်များက စိုးရိမ်ပူပန်လျက်ရှိသည်။

ကြက်ငှက်တုပ်ကွေး ရောဂါသည် အခြားဒေသရှိ ကြက်ငှက်များသို့ ကူးစက်ပျံ့နှံ့သွားနိုင်ကြောင်း အိန္ဒိယအရှေ့ပိုင်းတာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

လွတ်လပ်သော မြန်မာတို့၏ အကောင်းဆုံး အခြေခံဥပဒေ ပြည်လုံးကျွတ် ထောက်ခံမှုဖြင့် အတည်ပြုကြပါစို့

တက္ကသိုလ်မြတ်သူ

ကျွန်တော်ဟာ သတင်းသမားတစ်ယောက်၊ စာရေးသူတစ်ယောက်သာ ဖြစ်ပါတယ်။ သတင်းသမားအဖြစ် ကျွန်တော်တို့ခံယူတာကတော့ သတင်းအချက်အလက်တွေဟာ မှန်ရပါတယ်။ တိကျရပါတယ်။ လုပ်ကြံဖန်တီးတဲ့ သတင်းအတုတွေ မဟုတ်ရပါဘူး။ ဒီကနေ့ သတင်းမှန်တွေ ပုံနှိပ်ဖော်ပြနေတဲ့ စာနယ်ဇင်းတွေဟာ နောင်တစ်နေ့ သမိုင်းစာမျက်နှာများထဲ ဝင်သွားမြဲဖြစ်ပါတယ်။ ဒါကြောင့် သတင်းတွေဟာ မှန်ရပါတယ်။ သတင်းမှန်အချက်အလက်များကို ဆက်စပ်သုံးသပ်လျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး အခြေအနေမှန်နှင့် အလားအလာကို မြင်သိနိုင်ကြပါတယ်။ ဒါကြောင့်လဲ သတင်းကို အခြေခံပြီး ဝေဖန်ဆန်းစစ်သူ၊ သုံးသပ်သူ၊ ခွဲခြမ်းစိတ်ဖြာသိရှိသူတွေဆိုတာ ပေါ်လာရတာပါ။

မမှန်တဲ့ သတင်း၊ သပ်သွင်းသပ်လျှို သတင်း၊ လုပ်ကြံဖန်တီးတဲ့ သတင်း၊ ကောလာဟလသတင်း၊ လူသားတွေရဲ့ ဦးနှောက်အသိကို သတင်းမှားနဲ့ မှိုင်းတိုက်ပြီးမှ နဖားကြိုးထိုးတဲ့ အမှိုက်သတင်းတွေကိုတော့ သတိထားကြရပါမယ်။ ဘာပြုလို့လဲဆိုတော့ လူတို့ရဲ့ ကိုယ်ပိုင် အသိဉာဏ်ကို ဖျက်လိုဖျက်ဆီးလုပ်ပြီး ဖမ်းစားချုပ်ကိုင် တတ်ကြလို့ဖြစ်ပါတယ်။

သတင်းသမားတွေဟာ အချိန်မလောက်လို့၊ သတင်းစာ စာမျက်နှာမဆံ့လို့ ချန်ခဲ့ရတဲ့ သတင်း၊ ဖော်ပြဖို့မသင့်လို့ (အများအကျိုးယုတ်စေတဲ့ သတင်းဖြစ်လို့) ချန်ခဲ့ရတဲ့ သတင်းတွေကအစ သိထားရသူတွေပါ။ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားသတင်း နားထောင်ကြည့်ရှုကြတဲ့ ပြည်သူတွေမှာလည်း နေ့စဉ် ဖတ်ရှုနားထောင်ရသမျှ သတင်းများကို အခြေခံသုံးသပ်ရင် မိမိတို့အတွက်၊ မိမိတို့လူမျိုး၊ မိမိတို့ နိုင်ငံအတွက် အကောင်းအဆိုး၊ အကြောင်းအကျိုးတွေ သုံးသပ်ဆုံးဖြတ်နိုင်ကြမှာပါပဲ။ **ပြည်တွင်း ပြည်ပ အဖျက်သမားတွေက "သတင်းစာ ဖတ်မနေနဲ့၊ ရေဒီယိုနဲ့ ရုပ်မြင်သံကြားသတင်းတွေ နားထောင်မနေနဲ့၊ သူတို့ ကောင်းကြောင်းတွေပဲ ရေးသားထုတ်လွှင့်နေကြတာ"လို့ဆိုပြီး လူတွေရဲ့ ဦးနှောက်အသိတရားကို လမ်းလွှဲဆော်သြနေမှုတွေကို နားထောင်ရင် အဲဒီလူတွေကတစ်ဆင့် နယ်ချဲ့အသံလွှင့်ဌာနတွေကလွှင့်တဲ့ မုသား မှိုင်းတိုက်သတင်းတွေ၊ မမှန်မကန် တီးတိုးဝါဒဖြန့်တဲ့ မှိုင်းတိုက်သတင်းတွေ၊ အသိလမ်းလွှဲသတင်းတွေကို အဟုတ်မှတ်နေရင် ကိုယ်ပိုင်ဦးနှောက် အသိတရားဟာ အဖျက်သမားများရဲ့ ကျွန်ဖြစ်သွားတော့မှာ ကေန်မုချပါပဲ။**

BBC, VOA, RFA, DVB စတဲ့ ပြည်ပက မြန်မာဘာသာနဲ့ အသံလွှင့်နေတာတွေကိုလည်း နားထောင်ကြည့်ရပါတယ်။ သူတို့မှာ နိုင်ငံရေးအရ လှုံ့ဆော်မှုတွေ ထားရှိနေကြတာ တွေ့ရတော့ သာမန်ရိုးရိုး သတင်းဌာနတွေလို့ မှတ်ယူလို့ မရပါဘူး။ အဲဒီ အသံလွှင့်ဌာနတွေကို တည်ထောင်ထားတဲ့ နိုင်ငံတွေဟာ ဟိုးရှေးတုန်းကရော၊ ဒီကနေ့မှာရော နိုင်ငံပေါင်းများစွာကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက် ကျွန်ပြုကုပ်သွေးစုပ်ခဲ့တဲ့ နယ်ချဲ့နိုင်ငံကြီးတွေပါ။ ဒီကနေ့လည်း ကိုလိုနီနယ်ချဲ့ဝါဒ ပုံစံပြောင်းကို ပြုပြင်ဖာထေးပြီး ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ အသံကောင်းဟစ်ရင်း နိုင်ငံတကာအပေါ် ကျူးကျော်စွက်ဖက်၊ ဗိုလ်ကျခြယ်လှယ်သွေးစုပ်တဲ့ နယ်ချဲ့ပုံစံသစ် ကျင့်သုံးနေကြသူတွေပါပဲ။ ဒါ့အပြင် မြန်မာနိုင်ငံမှာ ဥပဒေချိုးဖောက်၊ တိုင်းဆူပြည်ဖျက် လုပ်ရပ်တွေလုပ်၊ ပြစ်မှုမျိုးစုံ ကျူးလွန်ထွက်ပြေးသွားသူတွေကို BBC, VOA, RFA, DVBအသံလွှင့်လုပ်ငန်းတွေမှာ ခန့်အပ်တာဝန်ပေးထားတဲ့အတွက် အဲဒီ အသံလွှင့်ချက်တွေကို သတိနဲ့ ယှဉ်ပြီးနားထောင်ရမှာပါ။ သောက်ရေခပ်ရာမှာ ပိုးမွှား အမှိုက်အမှုန်မပါအောင် ရေစစ်ပဝါနဲ့ အထပ်ထပ်စစ်သလို အဲဒီမီဒီယာတွေက ထုတ်လွှင့်တဲ့ သတင်းတွေကို နားထောင်တဲ့အခါ ကိုယ်ပိုင် အမျိုးသားရေး အသိတရား (လေစစ်ပဝါ) အထပ်ထပ်နဲ့ နားထောင်တတ်ဖို့ လိုပါမယ်။

မြန်မာနိုင်ငံက မီဒီယာတွေ၊ အထူးသဖြင့် အစိုးရမီဒီယာတွေက လွှင့်ထုတ်ဖော်ပြနေတာတွေကို ကျွန်တော်တို့ကြားရတယ်၊ မြင်ရတယ်၊ ဖတ်ရတယ်။ ဆည်တမံတွေ၊ ကျောင်းတွေ၊ လမ်းတံတားတွေ၊ စက်ရုံတွေ၊ ဆေးရုံတွေ တည်ဆောက်မှုကို ဖော်ပြတဲ့အခါ ရုပ်ပုံ(သက်သေသာဓက)နဲ့ ဖော်ပြတာပဲ၊ ဟုတ်မဟုတ် ကိုယ်တိုင်သွားကြည့်လို့လည်းရတာပဲ။ အဲဒီဒေသရောက်သွားသူတွေ၊ မီဒီယာမှာကြည့်လိုက်ရသူတွေ ဒိဋ္ဌဓမ္မ မြင်တွေ့နေကြရတာပဲ၊ ဒါမျိုးတွေကိုကျတော့ နယ်ချဲ့မီဒီယာတွေက မသိယောင်ဆောင်ပြီး တစ်ခုတလေတောင် မဖော်ပြကြတာဟာ စဉ်းစားစရာဖြစ်နေပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းတစ်လျှောက် ပါလီမန်ဒီမိုကရေစီ (ဖဆပလ၊ ပထစ)ခေတ်ရဲ့ အကောင်းအဆိုး၊ ဆိုရှယ်လစ်ဒီမိုကရေစီ (တော်လှန်ရေးကောင်စီ၊ လမ်းစဉ်ပါတီ) ခေတ်ရဲ့ အကောင်းအဆိုး၊ မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ ဆူပူမှုတွေ၊ ဆန္ဒပြမှုတွေ၊ သပိတ်တွေ၊ အဓိကရုဏ်းတွေ၊ လက်နက်ကိုင်သောင်းကျန်းမှုတွေ၊ ဝါဒကွဲ၊ အုပ်စုကွဲတို့ရဲ့ အာဏာလုပွဲတွေကို ကြားသိမြင်တွေ့နိုင်ပါတယ်။ ဒါ့အပြင် ဒီကနေ့ စစ်အစိုးရ စစ်အစိုးရနဲ့ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက မိုးမွှန်အောင် အပုပ်ချနေကြတဲ့ နိုင်ငံတော်အစိုးရရဲ့ အမျိုးသားနိုင်ငံရေးဖြစ်စဉ်တွေ၊ ဒီမိုကရေစီ ဖော်ဆောင်မှုတွေ၊ ပြည်တွင်းငြိမ်းချမ်းရေး ရယူတည်ဆောက်နိုင်ခဲ့ပုံတွေ၊ ဈေးကွက်စီးပွားရေးစနစ်နဲ့ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှု တည်ဆောက်နိုင်ပုံတွေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံအဆောက်အအုံဖြစ်တဲ့ လမ်း၊ တံတား၊ ဆည်တမံ၊ စက်ရုံ၊ စက်မှုလယ်ယာ၊ လူသားအရင်းအမြစ်ပျိုးထောင်မှုတွေကို လွတ်လပ်တဲ့ မိမိတို့ကိုယ်ပိုင် ဦးနှောက်၊ ကိုယ်ပိုင်စက္ခု၊ သောတဝိညာဉ်ဓာတ်တွေနဲ့ အထင်အရှား သိမြင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

အကြောင်းတိုက်ဆိုင်လို့ ၁၉၉၇ခုနှစ် နိုဝင်ဘာလ ၁၄ရက်နေ့က တွေ့ဆုံပွဲလေးတစ်ခုကို မှတ်မှတ်ရရ တင်ပြချင်ပါတယ်။ ဒီကနေ့ အမေရိကန်သမ္မတရွေးကောက်ပွဲမှာ ရီပတ်ဘလီကင်ပါတီ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်အရွေးခံဖို့ သေချာနေပြီလို့ဆိုကြတဲ့ အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းဟာ အဲဒီကာလတုန်းက ရန်ကုန်ရောက်လာပြီး၊ ပြည်လမ်းက အမေရိကန်သံအမတ်ကြီးအိမ်မှာကျင်းပတဲ့ တွေ့ဆုံပွဲပါ။ မြန်မာနိုင်ငံက ဒီမိုကရေစီအလားအလာ၊ နိုင်ငံရေးမြင်ကွင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးနဲ့ လူ့အခွင့်အရေးအနေအထားတွေကို သိချင်လို့ ဂျွန်မက်ကိန်း လာခဲ့တာလို့ ပြောပါတယ်။

အဲဒီတွေ့ဆုံပွဲကို မွန်းလွဲ ၁နာရီခွဲမှာ ပြုလုပ်ပါတယ်။ ၁နာရီကျော်ကျော်မှာ တွေ့ဆုံမယ့် ပုဂ္ဂိုလ်တွေရောက်လာကြပါတယ်။ NLD ဦးကြည်မောင်၊ ဦးအောင်ရွှေ၊ ဦးတင်ဦးတို့အပါအဝင်ဖြစ်ပါတယ်။ ဒေါ်စုကြည်ကတော့ ကြိုရောက်နေပြီး မက်ကိန်းနဲ့ နှစ်ယောက်ထဲသီးခြားတွေ့ပြီးပါပြီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)မှ ဦးခွန်ထွန်းဦးနဲ့ အဖွဲ့ဟာလည်း ကြိုရောက်နေပြီး မက်ကိန်းလက်ထဲ စာရှည်တစ်စောင်ပေးအပ်ထားပြီးဖြစ်ပါတယ်။ ကျန်တက်ရောက်သူတွေထဲမှာ ဦးစခုန်တိန့်ယိန်း၊ ဦးအောင်ခမ်းထီ၊ ဦးမထုနော်စတဲ့ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်တွေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ဦးခင်မောင်ကြီး ဦးဆောင်တဲ့ ကိုယ်စားလှယ်တွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကလောင်သမားများဖြစ်ကြတဲ့ ဖေယျာမောင်အမည်ခံ ဆရာကြီးဦးကိုလေးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ် ကျွန်တော်တို့လည်း ပါဝင်တက်ရောက်ပါတယ်။

မက်ကိန်းက "ပြောစရာရှိတာ ပြောကြပါ"ဆိုတော့၊ ဒေါ်စုကြည်က "စောစောက ပြောပြီးပြီလေ"လို့ ပြောပါတယ်။ နှစ်ယောက်ချင်းတွေ့ပြီးပြီ၊ ပြောပြီးပြီလို့ဆိုလိုတာပါ။ ဦးခွန်ထွန်းဦးကလည်း "ကျွန်တော်တို့ သဘောထားကတော့ ခုနကပေးပြီးခဲ့တဲ့စာထဲမှာ ပါပါတယ်"လို့ ဖြေပါတယ်။ ဦးစခုန်တိန့်ယိန်း(ကချင်ငြိမ်းချမ်းရေး အထူးဒေသ-၁)က "ကျွန်တော်တို့ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တင်ပေးမယ်လို့ တပ်မတော်အစိုးရက ကတိပေးထားလို့ ကျွန်တော်တို့ကတော့ အမျိုးသားညီလာခံကြီး ပြီးမြောက်အောင်မြင်သည်အထိ ဆက်တက်မှာပဲ၊ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းတွေလဲ ကျွန်တော်တို့ အရှိန်အဟုန်မြှင့် လုပ်နေတာ အခုဆိုရင် မိုင်းလားဒေသမှာ ဘိန်းကင်းသွားပြီ၊ ကျွန်တော်တို့ဒေသတွေဟာလဲ မကြာခင် ဘိန်းကင်းဒေသတွေဖြစ်လာတော့မှာပါ"လို့ ပြောခဲ့ပါတယ်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ဦးခင်မောင်ကြီးက "ဒီကနေ့ မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ ဒီမိုကရေစီဖော်ဆောင်ဖို့ အားလုံးကြိုးပမ်းနေကြပါတယ်။ ပါတီအဖွဲ့အစည်းတစ်ခုထဲ၊ NLD တစ်ခုထဲကသာ ကြိုးပမ်းနေတာမဟုတ်ပါဘူး၊ ကျွန်တော်တို့ တစည အပါအဝင် ပါတီအဖွဲ့အစည်းအားလုံးနဲ့ ပြည်သူတွေကပါ ကြိုးပမ်းနေကြတာပါ"လို့ ပြောပါတယ်။

ဆရာကြီး ဦးကိုလေးနဲ့ ကျွန်တော်တို့ တိုင်ပင်ပြီး ဆရာကြီးကပဲ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေကို ပြောကြားပေးဖို့ သဘောတူခဲ့ကြပါတယ်။ ဆရာကြီး ဦးကိုလေးက "အခု ကျွန်တော့်အသက် ရှစ်ဆယ်ပါ၊ ကျွန်တော့်တစ်သက် မြန်မာနိုင်ငံမှာ ဒီကနေ့လောက် ငြိမ်းချမ်းတည်ငြိမ်တဲ့ အနေအထား၊ ဖွံ့ဖြိုးတိုးတက်တဲ့အခြေအနေမျိုး တစ်ကြိမ်တစ်ခါမှ မကြုံဖူးခဲ့ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ တည်ငြိမ်ငြိမ်းချမ်း ဖွံ့ဖြိုးတိုးတက်မှုကို ပြည်ပက မနှောင့်ယှက်ကြစေချင်ပါဘူး။ ဖြစ်နိုင်သမျှ ကူညီစေချင်ပါတယ်" လို့ ပြောကြားပြီး တွေ့ဆုံပွဲ အပြီးသတ်ခဲ့ပါတယ်။

ဆရာကြီး ဦးကိုလေးဟာ ကလောင်ခွဲ သုံးလေးခုနဲ့ နယ်ချဲ့ဆန့်ကျင်ရေး စာတွေ၊ စက္ကူဖြူပြူဇာတ် အပါအဝင် "သီပေါမင်းနဲ့ နယူးယောက်တိုင်းမ်သတင်းစာ" စတဲ့ စာအုပ်တွေ ရေးခဲ့သူဖြစ်ပါတယ်။ ကျွန်တော်တို့ မန္တလေးတက္ကသိုလ် တက်ခဲ့တဲ့ ၁၉၅၁-၅၂ ပညာသင်နှစ်မှာ ဆရာကြီးဟာ ကျောင်းအုပ်ကြီးပါ။ ဆရာကြီးဟာ ပိဋကတ်စာပေတွေကိုလည်း အင်္ဂလိပ်ဘာသာပြန်ဆိုခဲ့တယ်။ သာသနာ့တက္ကသိုလ်မှာလည်း အင်္ဂလိပ်စာ ဧည့်ပါမောက္ခအဖြစ် တာဝန်ယူခဲ့ပါတယ်။ သီရိလင်္ကာဆရာတော် ဝါလ်ပိုရာဟုလာ(ဝေပုလ္လရာဟုလာ)ရဲ့ "What the Buddha taught"ကို "မြတ်ဗုဒ္ဓဒေသနာ"စာအုပ်လို့ ဘာသာပြန်ခဲ့ပါတယ်။ မောင်သစ္စာ ကလောင်အမည်နဲ့ ထေရဝါဒဗုဒ္ဓဘာသာအကြောင်း ဆွေးနွေးရှင်းလင်းချက် စာအုပ်ရေးသားခဲ့ပါတယ်။ ဆရာကြီးရဲ့ တိုရှင်းလိုရှင်း မြန်မာနိုင်ငံ ပကတိအခြေအနေ တင်ပြချက်ကြောင့် ဂျွန်မက်ကိန်း ခေါင်းညိတ်သွားခဲ့ ပါတယ်။

၁၉၈၈ခုနှစ် အရေးအခင်းကို အသေးစိတ်လေ့လာမှုအရ ၁၉၄၇ ခုနှစ် အခြေခံဥပဒေ၊ ၁၉၇၄ခုနှစ် အခြေခံဥပဒေတို့မှာ ယိုပေါက်၊ ဟာကွက်၊ ချွတ်ယွင်းချက်များပါရှိပြီး နိုင်ငံကို ကသောင်းကနင်းဖြစ်စေခဲ့ရတဲ့အတွက် ဒါတွေဖြစ်ခဲ့ရတာကို ကျွန်တော်တို့ ကျေကျေညက်ညက် သုံးသပ်မိပါတယ်။ ဒါမျိုးတွေ ထပ်မဖြစ်စေဖို့ လွတ်လပ်တဲ့ နိုင်ငံတစ်ခုနဲ့ လျော်ညီတဲ့ အခိုင်မာဆုံး နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ရှိကိုရှိရမယ်လို့လည်း ခံယူထားကြပါတယ်။ ဒါကြောင့်လည်း ၁၉၉၃ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှ ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့အထိ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံမှာ တက်တက်ကြွကြွ ပါဝင်တက်ရောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းရေး(ဝါ) စည်းကမ်းကျနတဲ့ ဒီမိုကရေစီ ဖော်ဆောင်ရေး ပဏာမလုပ်ငန်းစဉ်ကြီးမှာ စိတ်ရောကိုယ်ပါ ကြိုးပမ်းခဲ့ကြတာဖြစ်ပါတယ်။ ညီလာခံမှာ အကောင်းဆုံး အခြေခံဥပဒေကြီးဖြစ်အောင် ညီလာခံကိုယ်စားလှယ်အားလုံး ဆွေးနွေးညှိနှိုင်းကြ၊ တစ်ခါတစ်ရံ အခြေအတင် ငြင်းခုံဆွေးနွေးကြပြီးမှ ညှိယူ မူချခဲ့ကြတာ ကျွန်တော်တို့ကိုယ်တွေ့ဖြစ်ပါတယ်။

မြန်မာ့လွတ်လပ်မှု၊ မြန်မာ့ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာ့ငြိမ်းချမ်းမှုကို မလိုလားသူတွေ မြန်မာနိုင်ငံကို လက်ခုပ်ထဲထည့်ပြီး သွန်လိုမှောက်လိုတဲ့ ကိုလိုနီဝါဒီတွေကတော့ ဒီလောက်ကောင်းတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရှုတ်ချကန့်ကွက်နေကြမှာပါပဲ။ အဲဒါကြောင့်တော့ ကျွန်တော်တို့ နောက်မဆုတ်နိုင်ပါဘူး။ ပြန်ပြင်စရာလည်း တစ်ခုမှ မမြင်ပါဘူး။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အတူ ကိုယ့်နိုင်ငံ ထာဝရတည်တံ့နေစေချင်တယ်။ လွတ်လပ်တဲ့နိုင်ငံအဖြစ် အစဉ်ရှိနေစေချင်တယ်။ ငြိမ်းငြိမ်းချမ်းချမ်း သာသာယာယာနဲ့ နိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံသားတွေရဲ့ လူနေမှုအဆင့်အတန်း မြင့်တက်လာစေချင်တယ်။ ဒါကို မျိုးချစ်စိတ်လို့ ခေါ်ရပါမယ်။

ဒီလို မျိုးချစ်စိတ်ရှိသူတွေရဲ့ အပြည့်အဝ ထောက်ခံမှုရထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးမှာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဆိုင်ရာ ပုဒ်မ ၅၀ လောက် အထိပါဝင်ပြီး ယခင် အခြေခံဥပဒေနှစ်ခုမှာတော့ ပုဒ်မ ၂၀ ကျော်စီသာ ပါဝင်ပါတယ်။ ဆိုရှယ်လစ် စနစ်လွှမ်းတဲ့ ၁၉၇၄ ခုနှစ် အခြေခံဥပဒေတုန်းကတောင် ကွန်မြူနစ်၊ ဆိုရှယ်လစ်ဆန့်ကျင်တဲ့ အနောက်အရင်းရှင်(နယ်ချဲ့) နိုင်ငံကြီးတွေက မနှောင့်ယှက်ခဲ့ကြပါဘူး။ အခု တကယ့်ကို စစ်မှန်တဲ့ဒီမိုကရေစီကို ဖော်ဆောင်ကျင့်သုံးတဲ့ ကုန်ကုန်ပြောရရင် အမေရိကန်အခြေခံဥပဒေလိုပဲ အချုပ်အခြာအာဏာ သုံးရပ်ကို ပိုင်းခြားကျင့်သုံးတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ကျမှ တောင်ပြော မြောက်ပြော ပြောပြီး နှောင့်ယှက်နေတာ တွေ့ရတော့ မြန်မာနိုင်ငံ ဒို့လက်ထဲရောက်မှ ကျေနပ်မယ်၊ ဒို့ရုပ်သေးအစိုးရတွေ တင်ပေးရမှ ကျေနပ်မယ်ဆိုတဲ့ နယ်ချဲ့လက်သစ်တွေရဲ့ မလိုတမာအပြောတွေ၊ အဖျက်အမှောင့်လုပ်ရပ်တွေဟာ ပိုပြီး ထင်သာမြင်သာ ရှိလာပါတယ်။ ဒါကြောင့် အဲဒီ နယ်ချဲ့ရန်ကို သတိဝီရိယနဲ့ စောင့်ကြည့်ရင်း ကျွန်တော်တို့ မြန်မာနိုင်ငံတော်အတွက် မြန်မာတွေ မြန်မာ့စိတ်ရင်းဆန္ဒနဲ့အညီ ရေးဆွဲခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးကို ပြည်သူက တစ်ခဲနက် အတည်ပြုပေးသင့်ကြောင်းပါခင်ဗျား။ ။

မြန်မာနိုင်ငံမှာ ဥပဒေချိုးဖောက်၊ တိုင်းဆူ ပြည်ဖျက်လုပ်ရပ်တွေလုပ်၊ ပြစ်မှုမျိုးစုံ ကျူးလွန်ထွက်ပြေးသွားသူတွေကို BBC, VOA, RFA, DVB အသံလွှင့်လုပ်ငန်းတွေမှာ ခန့်အပ် တာဝန်ပေးထားတဲ့အတွက် အဲဒီ အသံလွှင့်ချက်တွေကို သတိနဲ့ ယှဉ်ပြီး နားထောင်ရမှာပါ။ သောက်ရေ ခပ်ရာမှာ ပိုးမွှား အမှိုက်အမှုန်မပါအောင် ရေစစ်ပဝါနဲ့ အထပ်ထပ် စစ်သလို အဲဒီ မီဒီယာတွေက ထုတ်လွှင့်တဲ့ သတင်းတွေကို နားထောင်တဲ့အခါ ကိုယ်ပိုင် အမျိုးသားရေး အသိတရား (လေစစ်ပဝါ) အထပ်ထပ်နဲ့ နားထောင်တတ်ဖို့ လိုပါမယ်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ကရင်ပြည်နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် မတ် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်သည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့်အဖွဲ့ လိုက်ပါလျက် မတ် ၃ ရက် နံနက်ပိုင်းတွင် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကမ်းနီကျေးရွာရှိ မြစ်ရေတင်လုပ်ငန်းနှင့် နွေစပါးဧက ၆၀ စိုက်ပျိုးထားရှိမှု၊ ဓာတ်မြေသြဇာ ကြဲပက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစီအစဉ်ဖြင့် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်လျက်ရှိသော ကမ်းနီကျေးရွာနှင့် တံတားဦးကျေးရွာသို့ ဆက်သွယ်သည့် သံကူကွန်ကရစ်တံတားကို ကြည့်ရှုစစ်ဆေးပြီး ကမ်းနီကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏအား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ကမ်းနီ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျေးရွာပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက တံတား ဆောက်လုပ်ရေးအတွက် အလှူငွေကျပ် ရှစ်သိန်း၊ အထက်တန်းကျောင်းသို့ အလှူငွေကျပ် တစ်သိန်းနှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် မွန်းလွဲပိုင်းတွင် ကျုံဒိုးမြို့ ဓမ္မသုခ ဘုန်းတော်ကြီးကျောင်း၌ ဆရာတော် ဘဒ္ဒန္တဝဇီနနှင့် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့်ပြည်နယ်ဥက္ကဋ္ဌတို့သည် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျုံဒိုးမြို့ပေါ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများအားတွေ့ဆုံ၍ အမှာစကားပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျုံဒိုးတိုက်နယ် ပြည်သူ့ဆေးရုံအတွက် အလှူငွေကျပ်နှစ်သိန်း၊ အထက်တန်းကျောင်းအတွက် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ဘားအံမြို့နယ် သံလှယ်ကျေးရွာရှိ နွေစပါးစိုက်ပျိုးထားရှိမှုနှင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီး သွယ်တန်းနေမှုများကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် ခရားအတွင်း စံပြကျေးရွာရှိ နွေစပါးဧက ၈၀ စိုက်ပျိုးထားရှိမှု၊ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီး သွယ်တန်းထားရှိမှုနှင့် ကျောက်ခင်းလမ်း ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် မတ် ၈ ရက် ညပိုင်းတွင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ် ခုနစ်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အမှုဆောင်များအား တွေ့ဆုံအမှာစကား ပြောကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်မြောက်ပိုင်း (၄၂)ရပ်ကွက်ရှိ ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်ကြီးအတွင်း ကျပ်သိန်း ၉၀၀ ကျော် ကုန်ကျမည့် မဟာသိမ်တော်ကြီး တည်ဆောက်ရန်အတွက် မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့် ၉ လမ်းနေ ဆရာကြီး ဦးလှကျော် (ငြိမ်း)–ဒေါ်တင်ညွန့်ကျော် (မြစ်ရိပ်ငြိမ်၊ မြသီတာစာပေ) မိသားစုတို့က အလှူငွေကျပ် ကိုးသိန်းကို ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် တာမွေမြို့နယ် ကျောက်မြောင်း သတိပဋ္ဌာန်လမ်းနေ ကွယ်လွန်သူ ဒေါ်ရီရီ(အထက–၆၊ အထပြ–ငြိမ်း၊ မြောင်းမြ)အား ရည်စူး၍ ခင်ပွန်းဖြစ်သူ ဦးဇော်ထွန်း (လူမှုထုံးချွန် တတိယဆင့်၊ မြောင်းမြ) နှင့် သား၊ သမီး၊ မြေးမိသားစုများက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းနှင့် စစ်ကိုင်းတောင်ရိုး ရှုခင်းသာလမ်းအတွက် အလှူငွေကျပ် ရှစ်ထောင်တို့ကိုလှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (က–ပ)

ရေကြည်သစ် ရေဆေးပန်းချီပြပွဲ

ရန်ကုန် မတ် ၁၂

ရေဆေးမြတ်နိုးသော ပန်းချီဆရာ ၁၉ ဦးတို့စုပေါင်း၍ “ရေကြည်သစ်” ရေဆေးပန်းချီပြပွဲ ကို Snowflake ပန်းချီပြခန်း၏ ဒုတိယပွဲစဉ်အဖြစ် ၂/၄ စမ်းချောင်းလမ်းနှင့် ရှင်စောပုဘုရားလမ်းထောင့် စမ်းချောင်းမြို့နယ်တွင် ဧပြီ ၁ ရက်မှ ၇ ရက်အထိ ခင်းကျင်းပြသသွားရန် စီစဉ်လျက်ရှိသည်။

ရေဆေးပန်းချီဆရာများဖြစ်ကြသည့် လှတင်ထွန်း၊ မောင်မောင်သိန်း၊ အောင်သိန်းကြည်ဝင်း(ရန်ကင်း)၊ လှဟန်၊ ကြည်ဝင်း(Today)၊ လွန်းဖေ၊ မြသောင်း၊ တင်အောင်ထိုက်၊ မွန်သက်၊ ဝင်းမြင့်မိုး၊ လှသိန်းအောင်၊ သိန်းမြင့်သိန်း၊ ဇော်ဝင်း(ကြည့်မြင်တိုင်)၊ ကိုမောင်ကျော်သန်း၊ စမ်းချောင်းကိုကိုအောင်၊ နေဝင်းအောင်၊ မောင်ဦး(ပေါင်)၊ စောတင့်ဝေတို့၏ လက်ရာမွန် ရေဆေးပန်းချီကားပေါင်း ၉၀ ခန့်ကို ယခုနှစ် နွေရာသီကာလတွင် ကြည်နူးဆွတ်ပျံ့ဖွယ် အေးမြသော ခံစားမှုရရှိစေရန် လက်စွမ်းပြ ပြသကြမည်ဖြစ်သည်။

Snowflake ပန်းချီပြခန်းသည် အနုပညာရှင်များ၏ရသ ပန်းချီလက်ရာမွန်များ၊ ပန်းချီပညာ တိုးပွားရေး ဟောပြောပွဲများ၊ ဆွေးနွေးသရုပ်ပြ ပန်းချီရေးဆွဲပွဲများကိုလည်း မဟာသင်္ကြန်ကာလအပြီး နောက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။ Snowflake ပန်းချီပြခန်းနှင့် ပတ်သက်၍ သိလိုသည်များကို ဒေါ်နှင်းနှင်းဦး ဖုန်း–၀၁–၅၁၁၀၇၆၊ ၀၉–၅၁၁၄၁၅၃၊ ၀၉–၅၀၄၃၀၈၂ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အမျိုးသားမှတ်ပုံတင်ကတ်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဝန်ထမ်းများအားမှာကြား

နေပြည်တော် မတ် ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်သည် မတ် ၆ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမျိုးသားမှတ်ပုံတင်ကတ်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မတ် ၇ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဦးစီးဌာနမှူးရုံးခန်း၌ ပြည်နယ်/ခရိုင်/မြို့နယ် ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ဘီးလင်း၊ သထုံ၊ မြိုင်ကြီးငူ ဒေသတို့ရှိ ဝန်ထမ်းများ၊ ဘားအံမြို့ရှိ ပြည်နယ် ဦးစီးဌာနမှူးရုံးခန်း၌ ဝန်ထမ်းများအား လည်းကောင်း တွေ့ဆုံဆွေးနွေးမှာကြားသည်။

(အပေါ်ပုံ)

ဒုတိယဝန်ကြီးသည် မတ် ၈ ရက်တွင် ကော့ကရိတ်မြို့နယ်နှင့် မြဝတီမြို့နယ်တို့၌လည်းကောင်း၊ မတ် ၉ ရက်တွင် မုဒုံမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မော်လမြိုင်မြို့နယ်တို့၌ လည်းကောင်း ဝန်ထမ်းများအား တွေ့ဆုံ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆေးကုန်သည်အသင်းဝင်များ မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၁၂

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ မတ် ၁၁ ရက်မှ မတ် ၁၂ ရက်အထိ ကျင်းပသည့် Asia Health Care 2008 Conference & Business Meeting သို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူတို့ ဦးဆောင်၍ ဗဟိုအလုပ်အမှုဆောင်၊ ဒေါက်တာမျိုးသန့်နှင့် အသင်းဝင် ဦးခင်မောင်ဝင်း၊ ဒေါက်တာစုလှဟန်၊ ဒေါ်ခိုင်ဇာသန့်၊ ဒေါက်တာစန်းလွင်နှင့် ဦးအောင်ဇော်ဝင်းတို့ ပါဝင်သော အဖွဲ့သည် မတ် ၉ ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြစ်ကြီးနားမြို့ ကံ့ကော်မြိုင်ကျေးရွာ၌ တိုင်းရင်းဆေးဆရာများ အခမဲ့ကုသ

ရန်ကုန် မတ် ၁၂

မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ တိုင်းရင်းဆေးဆရာအသင်းနှင့် ဒေသခံ တိုင်းရင်းဆေးဆရာများမှ ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် ဓီဝိတဒါန ဆေးဝါး အခမဲ့ကုသခြင်း၊ ဆေးပစ္စည်းများ လှူဒါန်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက်၉ နာရီက မြစ်ကြီးနားမြို့ ပလန(၂) ကံ့ကော်မြိုင်ကျေးရွာ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရားဝမ်ဂျူ **(ယာပုံ)**က အမှာစကားပြောကြားပြီး ကချင်ပြည်နယ် တိုင်းရင်းဆေးဆရာအသင်း အလုပ်အမှုဆောင် ဦးမင်းသိဒ္ဓိက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ် တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးဂျွန်လရိန်က ဆေးဝါး အခမဲ့ကုသပေးခြင်းနှင့် ဆေးပစ္စည်း လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး ငွေကျပ်ကိုးသိန်းခန့်တန်ဖိုးရှိ တိုင်းရင်းဆေးဝါးမျိုးစုံကို ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းနိုင်က လက်ခံရယူသည်။ ဆက်လက်၍ တိုင်းရင်းဆေးဆရာများက လူနာ ၃၆၀ ကျော်တို့အား ဆေးဝါးများ အခမဲ့ကုသခဲ့ကြောင်း သိရသည်။ (က–ပ)

ကျိုက်ထိုမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၂

ကျိုက်ထိုမြို့နယ်အသင်း (ရန်ကုန်)၏ (၅၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ (၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲနှင့် နိုင်ငံတော်မှ ချီးမြှင့်သော ဘွဲ့တံဆိပ်တော်ရ ဆိပ်ဖူးတောင်ဆရာတော်နှင့် လူပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲ၊ ၂၀၀၆–၂၀၀၇ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ အသင်းဝင် သား၊ သမီးများအား ဂုဏ်ပြုပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း စည်ပင်ခမ်းမ၌ မတ် ၃၀ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်၍ အထောက်အထား မိတ္တူများနှင့်အတူ မတ် ၂၀ ရက် နောက်ဆုံးထား၍ နာယက ဦးကျင်ဖေ ဖုန်း– ၅၅၇၇၀၄၊ နာယက ဦးပြုံး ဖုန်း–၂၄၆၅၃၀၊ ၅၄၉၂၉၅၊ ဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေး ဖုန်း–၂၉၁၅၇၃၊ ဘဏ္ဍာရေးမှူး ဒေါ်နွဲ့ရီ ဖုန်း–၀၉၉၉၂၄၅၇၀တို့သို့ ဆက်သွယ်ပေးပို့ကြပါရန်နှင့် အစည်းအဝေးသို့ ကျိုက်ထို မြို့နယ်သူ၊ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။ (က–ပ)

နယ်စပ်/စည်ပင်ဝန်ကြီးနှင့် နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်အား စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာဟိုင်ကောင်းသည် ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ဝန်၏ ညှိနှိုင်းမသို့ လာရောက်တွေ့ဆုံကြောင်း သိရှိရသည်။ (သတင်းစဉ်)

စောင်းတန်းတည်ဆောက်ရေး ပါဝင်လှူဒါန်းနိုင်

ပဲခူး မတ် ၁၂

ပဲခူးမြို့ သမိုင်းဝင် ဆုတောင်းပြည့် ဟသ်ာကုန်းစေတီတော် တောင်ဘက်မုခ်ဦး စောင်းတန်းကြီးကို ယခုအခါ ပြန်လည်တည်ဆောက်လျက်ရှိသည်။ **(ဓာတ်ပုံ)** ပါရမီရှင်ကုသိုလ်ရှင်များအနေဖြင့် လှူဒါန်းလိုပါက အောက်ဘုံဆောင်ကြီး (အပြီးအစီး) ကျပ်သိန်း ၅၀၊ အလယ်ဘုံဆောင်(အပြီးအစီး) ကျပ်သိန်း ၅၀ နှင့် စောင်းတန်း တစ်ခန်းကျပ်နှစ်သိန်းငါးသောင်းနှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဖုန်း-၀၅၂-၂၁၈၉၇ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (က-ပ)

"တပ်မတော်ခေါ်သံ" စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၂

ဒေါက်တာ ထီလာစစ်သူ၏ **တပ်မတော်ခေါ်သံ (မြန်မာ-အင်္ဂလိပ်)စာအုပ်** (ယာပုံ)ထွက်ရှိလာသည်။

ဤစာအုပ်တွင် လွတ်လပ်ရေးရပြီးစ နိုင်ငံ၏ ၁၉၄၉ ခုနှစ်မှ ၁၉၅၂ခုနှစ်အတွင်း ခရီးကြမ်း၊ မြန်မာပြည်သူတို့၏ ခရီးကြမ်း၊ စာရေးသူ၏ ဘဝခရီးကြမ်း ဖြတ်သန်းလာခဲ့ကြရပုံတို့ကို သမိုင်းမှတ်တိုင်အဖြစ် ရေးသားဖော်ပြထားသည်။

စာရေးသူသည် ထိုခေတ်ထိုကာလ ရင်နင့်ဖွယ်ဖြစ်ရပ်များကို ရေးသားခြယ်မှုန်းဖော်ပြသည်သာမက လူငယ်ကလေးများ၏ မိခင်များ ပရိဒေဝသောကမီး တောက်လောင်ခံစားရပုံ၊ သားငယ်များပြန်လာနိုးနိုးဖြင့် မျှော်လင့်နေရရှာပုံတို့ကို ခံစားဖော်ပြထားသည်။

ယနေ့ လူငယ်များအား ခါးသီးစက်ဆုပ်ကြောက်လန့်ဖွယ်ကောင်းလှသည့် ဥပဒေပြင်ပသို့ မရောက်ကြစေရန်နှင့် သတိပညာဉာဏ်မြေ ကတုတ်၊ ချွန်းကဲ့သို့အုပ်နိုင်ပါစေဟူသော စိတ်ရင်းစေတနာကောင်းတို့ဖြင့် ရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အထက(၁) မှော်ဘီ အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁၂

အထက(၁) မှော်ဘီတွင် ၁၉၅၈ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း အငြိမ်းစားယူသွားသော ဆရာ၊ ဆရာမများအား အာစရိယပူဇော်ပွဲကို ဧပြီ ၅ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ယင်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဆရာ၊ ဆရာမများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်အပူဇော်ခံကြပါရန်နှင့် လှူဒါန်းလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများ ဦးမောင်ပု ဖုန်း-၆၂၀၉၀၀၊ ဦးကြည်မြင့် ဖုန်း-၆၂၀၃၅၀၊ ကိုမြခိုင် ဖုန်း-၀၉၅၁၃၆၈၉၅၊ ကိုငွေလွင် ဖုန်း-၆၂၀၁၅၉၊ ဒေါ်စန်းစန်းညွန့် ဖုန်း-၆၂၁၀၂၁၊ ကိုကြည်ညွန့် ဖုန်း-၆၂၀၇၂၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

ကမ္ဘာကျော်ကြား လက်ဝှေ့နှင့် နပန်းသမားများ

တစ်နှစ်အတွင်း ဝင်ငွေအကောင်းဆုံး လက်ဝှေ့သမား

အမေရိကန်နိုင်ငံမှ ကြေးစားလက်ဝှေ့အကျော်အမော်တစ်ဦးဖြစ်သူ အော်စကာဒီလာဟိုယာ**(အပေါ်ပုံ)**သည် ဝင်ငွေအများဆုံးရသူ လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံရသည်။ ၎င်း၏ ၂၀၀၅ခုနှစ်အတွင်း ဝင်ငွေမှာ ဒေါ်လာ ၃၈သန်း (ပေါင် ၂၂ သန်း)ရှိကြောင်း သိရသည်။

အသက်အကြီးဆုံး ကမ္ဘာ့နပန်းသမား

လူကြိုက်များ စိတ်ဝင်စားသည့် ကမ္ဘာ့နပန်းပြိုင်ပွဲ (WWE)တွင် ပါဝင်ယှဉ်ပြိုင်ကြသည့် နပန်းသမားများအနက် အသက်အကြီးဆုံး နပန်းသမားကြီးမှာ အမေရိကန်နိုင်ငံမှ ဗင့်စ်မက်မဟွန်း**(ဝဲပုံ)**ဖြစ်သည်။ ၎င်း၏အသက်မှာ ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၁၄ရက်နေ့တွင် ၅၄နှစ်နှင့် ၂၁ရက်ဖြစ်သည်ဟု ဆိုသည်။

အသက်အငယ်ဆုံး ကမ္ဘာ့နပန်းသမား

ကမ္ဘာ့နပန်းပြိုင်ပွဲ (WWE)ဝင် နပန်းသမားများအနက် အသက်အငယ်ဆုံး နပန်းသမားလေးမှာ အမေရိကန်နိုင်ငံသား ဘရော့ခ်လက်စ်နာ**(ယာပုံ)**ဆိုသူဖြစ်သည်။ ၎င်း၏အသက်မှာ နာမည်ကြီးနပန်းသမားကြီး The Rock ကို အနိုင်ယူခဲ့သည့် ၂၀၀၂ခုနှစ် ဩဂုတ်လ ၂၅ရက်နေ့တွင် ၂၅နှစ်နှင့် ၄၄ရက်သာ ရှိသေးသည်။

အောင်မြင်မှုအများဆုံး ကမ္ဘာ့နပန်းသမားကြီး

ကမ္ဘာတစ်ဝန်း ပရိသတ်များ စိတ်ဝင်တစား စောင့်ကြည့်ကြရသည့် ကမ္ဘာ့နပန်းပြိုင်ပွဲ WWE (World Wrestling Entertainment) တွင် အောင်မြင်မှုအများဆုံးရှိသူ နပန်းသမားကြီးမှာ ပြိုင်ပွဲတွင် The Rock ဟူ၍ နာမည်ကျော်ကြား လူသိများနေသည့် အမေရိကန်နိုင်ငံသား ဒဝိန်းဒေါက်ဂလပ်စ်ဂျွန်ဆင်**(အပေါ်ပုံ)** ဖြစ်သည်။ ၎င်းသည် ၁၉၉၈ခုနှစ်မှ ၂၀၀၂ ခုနှစ်အတွင်း တစ်ဦးချင်းချန်ပီယံဘွဲ့ ခုနစ်ကြိမ် ရရှိကာ စံချိန်အများဆုံး တင်ခဲ့သည်။

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင် မန္တလေးမြို့ပေါ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၂

အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် မတ် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မန္တလေးမြို့ပေါ်ရှိ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပသည့် စာစစ်ဌာနများကို ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်သည် မတ် ၁၀ ရက်တွင် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၅) အခြေခံပညာအလယ်တန်းကျောင်း၊ အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၀)အခြေခံပညာ အထက်တန်းကျောင်းတို့ရှိ စာစစ်ဌာနများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် မတ် ၁၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၆)အခြေခံပညာအထက်ကျောင်းနှင့် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲစာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဖြေဆိုနေမှုများ၊ စာစစ်ဌာနများ၏ မီးဘေးလုံခြုံရေး စီမံဆောင်ရွက်ထားမှုအခြေအနေ၊ သန့်ရှင်းရေးနှင့် စာမေးပွဲမေးခွန်းဖြန့်ဝေပုံ နည်းစနစ်တို့ကို ကြည့်ရှုစစ်ဆေးပြီး အဖြေလွှာများ ပြည့်စုံလုံလောက်မှုရှိရေး၊ စာမေးပွဲကာလအတွင်း စနစ်တကျတာဝန်ချထားရေးတို့ကို မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွာသာကြီးဘူတာအနီးတွင် ရန်ကုန်-မန္တလေး အဆန် ကုန်ရထားနှင့် ရန်ကုန်-မန္တလေး လော်ကယ်ရထားနှစ်စီး လမ်းလွှဲတွင် ပွတ်တိုက်မိ

ရန်ကုန် မတ် ၁၂

ရန်ကုန်ဘူတာကြီးမှ မန္တလေးသို့ထွက်ခွာလာသည့် စက်ခေါင်းမောင်း ဦးအေးကျော် မောင်းနှင်သော အမှတ်(၇)အဆန် လော်ကယ်ရထားသည် မတ် ၁၂ရက် နံနက် ၁၁နာရီ မိနစ် ၂၀ခန့်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရွာသာကြီးဘူတာအနီး မိုင်တိုင်အမှတ်(၁၄)နှင့် (၁၅)အကြားရှိ လမ်းလွှဲတွင် ရပ်နားစောင့်ဆိုင်းရန်အတွက် လမ်းလွှဲသို့ ဝင်ရောက်စဉ် ရန်ကုန်ဘူတာကြီးမှ မန္တလေးသို့ ထွက်ခွာလာသည့် စက်ခေါင်းမောင်း ဦးသန်းဝေ မောင်းနှင်သော အမှတ်(၉၀၇) ကုန်ရထားက မီးနီအချက်ပြထားသော်လည်း အရှိန်မထိန်းနိုင်ဘဲ ဖြတ်သန်းမောင်းနှင်လာကာ အမှတ်(၇)လော်ကယ်ရထား၏ နောက်ဆုံးတွဲကို ဝင်ရောက်ပွတ်တိုက်မိခဲ့သည်။ ထိုသို့ဝင်ရောက်ပွတ်တိုက်မှုကြောင့် အမှတ်(၇)လော်ကယ်ရထား၏ နောက်ဆုံးတွဲမှာ သံလမ်းပေါ်မှ ချော်ကျခဲ့ပြီး ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။ ရန်ကုန်-နေပြည်တော်သို့ ပြေးဆွဲသည့် အမှတ်(၇)အဆန်ရထားနှင့် ရန်ကုန်-မန္တလေး ပြေးဆွဲသည့် အမှတ်(၂၉) အထူးအဆန်ရထားများအား ရန်ကုန်ဘူတာကြီးတွင်ပင် ရပ်တန့်စောင့်ဆိုင်းထားရှိပြီး မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၃-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	မြန်မာသံစဉ်ချိုနှာဝင်
၄:၄၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၆။	အမျိုးသားရေးတေးကဗျာ
၅:၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၃၀	၈။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	**ကာတွန်းအစီအစဉ် ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း-၃၀)**
၆:၃၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်တွင်တဲ့သူရဲကောင်း" (အပိုင်း-၄၆)**
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "စည်းခြားထားတဲ့အချစ်" (အပိုင်း-၁၄)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်ကော်မြို့ပေါ် ၁၃ ရပ်ကွက်ရှိ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများအား အမှာစကားပြောကြားစဉ်။ (သစ်တောရေးရာ)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

နေပြည်တော် မတ် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၀ ရက် နံနက်ပိုင်းတွင် လှိုင်ကော်မြို့နယ် လှိုင်လင်လေးကျေးရွာရှိ သာသနာရောင်ခြည်ကျောင်းတိုက် ဆရာတော် သာသနဓဇဓမ္မာစရိယ အရှင်ကောဏ္ဍညအား ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းဆောင်သစ်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ဝင်တစ်ဦးထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

မှာကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာတိုက်နယ်ဆေးရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဒီမော့ဆိုမြို့နယ် ထီဖိုးကလိုးကျေးရွာ ခန်းမဆောင်၌ ကျေးရွာပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားကာ ကျေးရွာအတွက် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းပြီး ရှူးဖယ်ခူရပ်ကွက်ရှိ ကေထျိုးဘိုဗိမာန်ဆောက်လုပ်ရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည် ဒီမော့ဆိုမြို့နယ် မြို့မရပ်ကွက်ရှိ တောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘဏအား ဖူးမြော်ကြည်ညိုကာ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ ရပ်မိရပ်ဖများ၊ ပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ညပိုင်းတွင် လှိုင်ကော်မြို့ပေါ် ၁၃ ရပ်ကွက်ရှိ ရပ်မိရပ်ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ရေစက်သွန်းချအမျှပေးဝေ

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မတ် ၁၁ ရက် နံနက်ပိုင်းတွင် လှိုင်ကော်မြို့ မိုးကုတ်ဝိပဿနာဓမ္မဗိမာန်တော်၌ (၃၁)ကြိမ်မြောက် ကယားပြည်နယ်လုံးဆိုင်ရာ သာသနာ့နုဂ္ဂဟ စာမေးပွဲအကျိုးတော်ဆောင်နှင့် ပုဏ္ဏာက ဆရာတော်သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၃-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၅	၆။	အဆိုပြိုင်ပွဲ
၈း၁၀	၇။	အကပဒေသာ
၈း၂၀	၈။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Let's Go.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	English for Everyday Use
၄း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၀၀	၅။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ (၂၀၀၅ခုနှစ်)
၅း၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၂၀	၇။	တေးဂီတအစီအစဉ်
၅း၄၅	၈။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	တေးဂီတအစီအစဉ်
၆း၅၀	၁၂။	သီးနှံစိုက်ပျိုးအထွက်တိုး (ပြည်ပဝင်ငွေတိုးစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ)
၇း၀၀	၁၃။	(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၇း၁၅	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့်ဆုံစည်းခြင်း" (အပိုင်း-၁၅)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆက်တိုင်း" (အပိုင်း-၈)**
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

ဓမ္မမာမကသာသနာ့ရိပ်သာ သင်္ကြန်တွင်း (၁၀)ရက် အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ အာဇီဝကျောင်းလမ်း၊ ဓမ္မမာမက သာသနာ့ရိပ်သာ၌ သင်္ကြန်တွင်း (၁၀)ရက် အထူးတရားစခန်းပွဲကို ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန်ဝိပဿနာတရားကို ဓမ္မမာမက သာသနာ့ရိပ်သာ ဆရာတော် ကိုယ်တိုင် ဦးစီး၍ ဧပြီ ၁၀ ရက် ညနေမှ ဧပြီ ၂၀ ရက်အထိ ၁၀ ရက်တိုင်တိုင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်း ဝင်ရောက်အားထုတ်လိုသောယောဂီများ လူဦးရေကန့်သတ်ထားပါသဖြင့် ဓမ္မမာမက သာသနာ့ရိပ်သာရုံးခန်းသို့ ကြိုတင်၍ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ယောဂီများအား အာဟာရဒါနပြုလိုပါက ရုံးခန်းဖုန်း-၆၂၉၁၀၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သီးနှံများ လှိုင်လှိုင်ပေါ်၊ ပြည်သူများ စားသုံးမှု ဖူလုံပိုလျှံ

သတင်းနှင့်ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

အခြေခံ စားသောက်ကုန်များ၊ မီးဖိုချောင်သုံး သီးနှံများနှင့် သစ်သီးဝလံတို့သည် ရာသီဥတုပေါ်မှီတည်၍ စိုက်ပျိုးထုတ်လုပ်ရသကဲ့သို့ သယ်ယူပို့ဆောင်မှု စရိတ်စကနှင့် ဝယ်လိုအားပေါ်တွင် မှီတည်၍လည်း ဈေးကွက်တွင် အတက်အကျ ရှိနေမည်သာ ဖြစ်ပေသည်။

ဈေးကွက်သတင်း သိရှိနိုင်ရေးအတွက် ယခုအပတ် ဘုရင့်နောင်နှင့် သီရိမင်္ဂလာဈေး ကုန်စည်ဒိုင်သို့သွားရောက်ခဲ့ပြီး ဈေးကွက် အခြေအနေများကို ရေးသားတင်ပြလိုက်ရပါသည်။

"အခုတလော မိုးက ရွာမယောင် ဟန်ပြနေတော့ နေပြည်တော် တပ်ကုန်း၊ မင်းလှ၊ ဘိုင်းဒါးဘက် က ဂေါ်ဖီထုပ်တွေ တအားလှိမ့်ဝင်နေတယ်။ စိုက်ခင်းမှာ မိုးမိလိုက်ရင်သွားပြီလေဗျာ၊ ဒါ့ကြောင့် စောစောတင်ပို့နေကြတာ၊ တစ်နေ့ ကားကြီး ငါးစီး၊ ခြောက်စီးလောက် ဝင်နေတာဗျ၊ ဒါပေမယ့် မြင်တဲ့အတိုင်းပဲ အဝယ်အေးနေသေးတော့ ကားပေါ်က အောက်တောင် မချရသေးဘူး၊ ဈေးကတော့ တစ်ထုပ်ကျပ် ၂၃၀ လောက်ရှိနေတာ၊ နောက်မကြာတော့ဘူး ပြင်ဦးလွင်က လှိမ့်ဝင်လာတော့မယ်လေဗျာ" ဟု သီရိမင်္ဂလာဈေး ဂေါ်ဖီဒိုင် မိတ်ဆွေတစ်ဦးက ရှင်းပြသည်။

ဖရဲသီးတန်း ရောက်ပြန်တော့ ကုန်သည်တစ်ဦးက အားရ

အမျိုးအမည်စုံ ငါးခြောက်တို့ ဝေဝေဆာဆာ။

ဝမ်းသာပင် "ဒီနှစ် ဖရဲဈေးကောင်းတာတော့အမှန်ပဲ၊တစ်လုံးကျပ် ၁၅၀၀ ဝန်းကျင်ရှိတယ်။ တစ်နေ့ ကားကြီး ၁၄စီး၊ ၁၅စီး ဝင်တယ်၊ ဝင်သမျှလဲကုန်တယ်၊ တစ်နှစ်လုံး ထွက်ပေမယ့် ဖေဖော်ဝါရီလက ဧပြီလအထိက သူ့ရာသီအမှန်လေဗျာ၊ ဝယ်အားရောင်းအားလဲ အကောင်းဆုံးပဲ"ဟု တက်တက်ကြွကြွ ဆိုပြန်တယ်။

ဈေးအတွင်း ငါးခြောက်တန်းမှ ရောင်းသူတစ်ဦးက "အင်း-- ခါတိုင်း သင်္ကြန်နားနီးရင် အရောင်းအဝယ် စ,လိုက်လာပြီလေ၊ ဒီနှစ် အရောင်းအဝယ် နည်းနည်း တန့်နေသေးတယ်လို့ ပြောရမှာပေါ့"ဟု ဆိုသည်။

ဘုရင့်နောင် ကုန်စည်ဈေးကွက်ဘက်သို့ရောက်သည့်အခါ ဆန်ကုန်သည်တစ်ဦးက "ဒီနှစ် မိုးစပါးစောတော့ ဆန်အဝင်စောတယ်ပေါ့ဗျာ၊ ဆန်သစ်ဝင်လာတော့ လက်ရှိ ဆန်ဟောင်းကိုထုတ်၊ ဆန်သစ်ကို ပြန်လှောင်ရတာပေါ့၊ Export ဆန်ကတော့ အရောင်းအဝယ်ဖြစ်ပါတယ်၊ ဈေးနှုန်းမြင့်ခဲ့ပေမယ့် နှစ်ဆန်းပိုင်းမှာ ဈေးက ငြိမ်သွားတယ်လေ၊ ပြည်တွင်းသုံး ဆန်ဈေးက ငြိမ်နေပြီး Export ဆန်ဈေးက မြင့်နေတော့ မျှပါတယ်" ဟု သူ့အမြင်ကို ပြောသွားခဲ့သည်။

နယ်မှဝင်လာသော ဂေါ်ဖီထုပ်များ။

ယမန်နှစ်က အောင်လံထူခဲ့သော ကြက်သွန်နီဈေးကွက်မှာ "မနှစ်က ဈေးရထားတော့ အိန္ဒိယ ကြက်သွန်မျိုးအပြင် မိုးကြက်သွန်၊ ဆောင်း ကြက်သွန်ပါ တအားတွန်းစိုက် ကြတာဆိုတော့ ဈေးကွက်တစ်ခုလုံး ကြက်သွန်တွေဆိုတာ ရဲနေတာပဲ၊ ပြည်တွင်းစားသုံးမှုအတွက်ကတော့ ဒီနှစ် မပူရဘူး၊ ဈေးကလဲ ငြိမ်ချက်သားကောင်း နေဦးမှာပဲ၊ Export ဈေးကွက်လေး ရမယ်ဆိုရင်တော့ မှန်းချက်ကိုက်မယ်ဗျာ" ဟု မျှော်မှန်းစကား ပြောခဲ့သည်။

ကုန်စည်ဒိုင်တို့၏ ရင်တွင်းစကားကို ခြုံငုံသုံးသပ်ပါက အခြေခံစားကုန်ဖြစ်သော သီးနှံတို့သည် စိုက်ပျိုးထုတ်လုပ်သူတို့၏ ဝီရိယ စွမ်းအား၊ အတတ်ပညာစွမ်းပကားကြောင့် ပြည်သူများ စားသုံးမှု ဖူလုံပိုလျှံနေပါကြောင်း လေ့လာသုံးသပ်မိပါသည်။



ဖရဲသီးတို့ အစီအရီ။

စာရေးဆရာ ဆရာဝန်အဖွဲ့ ဂုဏ်ပြုပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို)စာရေးဆရာ ဆရာဝန်အဖွဲ့က ကြီးမှူး၍ မိတ်ဆုံပွဲနှင့် စာပေဆုရရှိသူများအား ဂုဏ်ပြုပွဲ အခမ်းအနားကို မတ် ၁၅ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ တစ်နိုင်ငံလုံးမှ စာရေးဆရာ ဆရာဝန်များ တက်ရောက်နိုင်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဓာတ်အားကွပ်ကဲရေးဌာနစစ်ဆေး

ရန်ကုန် မတ် ၁၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မတ် ၈ ရက်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ရှိ မြန်မာ့ လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားကွပ်ကဲရေးဌာနသို့ ရောက်ရှိပြီး ရှင်းလင်းခန်းမ၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးတင်မောင်ထွန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ စန်းဦးတို့က ဓာတ်အားဖြန့်ဖြူးခြင်း လုပ်ငန်းအားစနစ်တကျ ရှိစေရေးနှင့် လုပ်ငန်းများတိုးတက် ကောင်းမွန်စေရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိရာ အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ရှင်းလင်းတင်ပြ မှုများအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) နှစ်ပတ်လည်အခမ်းအနားကျင်းပ

မန္တလေး မတ် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် မန္တလေးဖွင့်လှစ်ခဲ့ခြင်း (၇) နှစ်ပြည့်နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားကို မတ် ၁ရက် နံနက် ၁၀နာရီတွင် ကိုယ်ပွားသတင်းစာတိုက် ဘုရားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စာတည်းမှူးနှင့် ဝန်ထမ်းများက ဆရာတော်၊ သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးထံမှ ရေစက်ချတရားနာယူ၍ လှူဒါန်းမှုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် ၂၀၀၇ ခုနှစ်အတွင်း တစ်နှစ်ပတ်လုံးခွင့်မယူ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကိုယ်ပွားသတင်းစာတိုက် ဝန်ထမ်း၁၀ဦးတို့အား စာတည်းမှူးက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

မြန်အောင်လေးမျက်နှာ မဟာစည်တရားစခန်းပွဲ

ရန်ကုန် မတ် ၁၂

မြန်အောင်မြို့ လေးမျက်နှာ မဟာစည်သာသနာ့ရိပ်သာ တရားစခန်းပွဲကြီးကို (၁၃၆၉ခု တပေါင်းလပြည့်ကျော် ၆ ရက်) မတ် ၂၇ ရက် (ကြာသပတေးနေ့)မှစ၍ ဒုလ္လဘရဟန်းခံပွဲ၊ ရှင်ပြုပွဲ၊ သီလရှင်ဝတ်ပွဲနှင့်အတူ ကျင်းပမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်သည်။ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ မဟာ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာစည်နာယကကိုယ်တိုင် ကြွရောက် တရားဟောပြသမည် ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက မြန်အောင် ဖုန်း-၀၄၄-၅၀၁၈၇ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

မကွေးတိုင်း ဆင်ပေါင်ဝဲမြို့နယ် အရှေ့ခြမ်း ခနုံးမြောင်အမကမှ စတုတ္ထတန်း ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးအထောက်အပံ့ ကျောင်းသုံးဗလာစာအုပ်များကို မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်-တောင်ငူ ပြည့်စုံအေးသာသနာ့ရိပ်သာ ဦးစီးပဓာနနာယက တောင်ငူဆရာတော် ဘဒ္ဒန္တသုဇာတ အရှင်သူမြတ်က လှူဒါန်းရာ ခနုံးမြောင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက လက်ခံယူစဉ်။ (၅၄၁)

ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရွှေညောင်မြို့ ခနသိဒ္ဓိရပ်ကွက်၊ မြို့လယ်လမ်းနေ ဦးစံဖေ အသက် (၈၀)ပြည့် မွေးနေ့အလှူအဖြစ် အက်ဖ်အီးစီ ၁၀၀ ကို အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

နေပြည်တော် မဟာသကြၤန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မတ် ၁၂

နေပြည်တော် မဟာသကြၤန် Tour Gold Cup ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၃ ရက်မှ ၁၅ ရက်အထိ နေပြည်တော်ဂေါက်ကွင်း၊ ရေပြာတပ်မတော်ဂေါက်ကွင်းနှင့် နေပြည်တော် မြို့တော်ဂေါက်ကွင်းတို့တွင် တစ်ကွင်း တစ်ရက်စီဖြင့် သုံးရက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး သုံးရက်ပေါင်း အကောင်းဆုံးအသင်းအား နေပြည်တော် မဟာသကြၤန် Tour Gold Cup ဖလားနှင့် ရွှေအဆင့် အသင်းလိုက်ဆု၊ ဒုတိယရရှိသည့်အသင်းအား ငွေအဆင့် အသင်းလိုက်ဆုများကို ထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ဂေါက်ကွင်းအလိုက် နေ့စဉ်ပြိုင်ပွဲများတွင်လည်း ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် အထူးဆုများကို ကွင်းအလိုက် ထိုက်တန်စွာ သီးသန့်ချီးမြှင့်ပေးသွားမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းရှိ အမျိုးသား ဂေါက်သီးရိုက်အားကစားသမားများအနေဖြင့် အသင်းလိုက် ပါဝင်ယှဉ်ပြိုင်နိုင်ရေး နေပြည်တော် မြို့တော်ဝန်ရုံးသို့ အမည်စာရင်းပေးပို့နိုင်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာ ဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ ဒဂုံမြို့နယ်ဦးဝိစာရအိမ်ရာနေ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးကျော်ဝင်း၊ ဒေါ်ခင်ခင်ဝေ မိသားစုက ကျပ် ၁၀၀၀၀၀ လှူဒါန်းရာ အမှုဆောင် ဦးဘသန်း လက်ခံစဉ်။ (က-ပ)

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကုန်းသာယာသနပ်ဖက်ဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပဲခူးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုဦးစီးမှူး ဦးမျိုးရွှေနှင့် ဈေးတာဝန်ခံ ဦးပြေငြိမ်း၊ ဈေးအကျိုးတော်ဆောင်အဖွဲ့၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မတ် ၂ ရက်က ဓာတ်တိုက်လေ့ကျင့်စဉ်။ (မြို့နယ်စည်ပင်)

ယာဉ်မတော်တဆမှုလျော့နည်းရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် မတ် ၁၂

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ရန်ကုန်တိုင်းရုံးခွဲ (ရွာသာကြီး)မှ တိုင်းရုံးခွဲဦးစီးမှူး ဦးကျော်အေးလွင်နှင့်အဖွဲ့သည် ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးအတွက် မတ် ၆ ရက်က ရန်ကုန်-ပဲခူး အမှတ်(၂) လမ်းမကြီး၊ ဒီဇင်ဘာအိမ်ရာအနီး သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်းရှိ၊ မရှိ၊ သက်တမ်းရှိ၊ မရှိ၊ ရောင်ပြန်၊ ဖောင်းကြွပါရှိခြင်းရှိ၊မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီမောင်းနှင်ခြင်းရှိ၊ မရှိတို့အား **(ယာပုံ)** ရှောင်တခင်စစ်ဆေးအရေးယူခဲ့ပြီး ပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲဖိတ်ကြား

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း "စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်ကော်မတီ"က ကြီးမှူးကျင်းပသည့် စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ(၀၇/၂၀၀၇-၂၀၀၈) စာတမ်းဖတ်ပွဲကို တက္ကသိုလ်များ (လှိုင်နယ်မြေ) လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room မြေညီထပ်တွင် မတ် ၁၅ ရက်(စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီထိ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် Biomass Gasification and Electrification Project(Da Goon Daing Village) မှ စာတမ်းရှင် ဦးမင်းလွင်ဆွေ (M.E Chemical) က Sharing of Experience on Study and Demonstration of Biomass Gasification for Electricity စာတမ်းကို ဖတ်ကြားမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၅၁၉၆၇၃-၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီလအတွင်းမီးလောင်မှုအခြေအနေ

ရန်ကုန် မတ် ၁၂

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလအတွင်းနိုင်ငံတော်တစ်ဝန်းလုံးတွင်မီးလောင်မှု (၁၂၂)ကြိမ်ဖြစ်ပွားခဲ့သည်။ ဖြစ်ပွားခဲ့သောမီးလောင်မှု (၁၂၂)ကြိမ်တွင် မီးဖိုမီး၊ ပေါ့ဆမီး (၁၀၅)ကြိမ်၊ လျှပ်စစ်မီး (၁၂)ကြိမ်၊ မသမာသူရှို့မီး (၅)ကြိမ်ပါဝင်သည်။

ဖေဖော်ဝါရီလအတွင်း မီးလောင်မှုကြောင့် အိမ်ခြေအဆောက်အအုံ ၂၃၀၇ လုံး၊ စက်ရုံ၊ အလုပ်ရုံ လေးရုံ၊ ဂိုဒေါင် ၁၀ လုံး မီးလောင်ခံရပြီး မီးဘေးဒုက္ခသည် ၆၃၄၉ ဦး အိုးမဲ့ အိမ်မဲ့ဖြစ်ကာ၊ လူ ၁၃ ဦးသေ၊ ၁၂ ဦးဒဏ်ရာရ၍ တိရစ္ဆာန် ၁၀၅ကောင် သေဆုံးခဲ့သည်။

မီးလောင်မှု(၁၂၂) ကြိမ်တွင် မီးဖိုမီးအပါအဝင် ပေါ့ဆမီး (၁၀၅)ကြိမ်ပါဝင်သဖြင့် မီးကို မဆင်မခြင်သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၈၆ ဒသမ ၀၇ ရာခိုင်နှုန်း ခန့်ပါဝင်သည်ကို တွေ့ရှိရသည်။

မီးလောင်မှုအကြိမ်များကို ပြည်နယ်၊ တိုင်း အလိုက် ဆန်းစစ်ကြည့်ရာတွင် မန္တလေးတိုင်း၌အများဆုံး၊ ရန်ကုန်တိုင်း၌ဒုတိယအကြိမ်အများဆုံး၊ ရှမ်းပြည်နယ်၌ တတိယအကြိမ်အများဆုံး ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။

မီးလောင်မှုများ၏ ဆုံးရှုံးမှုတန်ဖိုးများကို ပြည်နယ်၊ တိုင်းအလိုက် ဆန်းစစ်ကြည့်ရာတွင် မန္တလေးတိုင်း၌အများဆုံး၊ တနင်္သာရီတိုင်း၌ ဒုတိယဆုံးရှုံးမှုအများဆုံးနှင့် ရန်ကုန်တိုင်း၌ တတိယဆုံးရှုံးမှုအများဆုံး ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

မန္တလေးတိုင်း၌ မီးလောင်မှုအကြိမ်အများဆုံးဖြစ်ပွားခဲ့ရာ၊ ဖြစ်ပွားခဲ့သည့် မီးလောင်မှု (၂၇)ကြိမ်အနက်၊ (၂၁)ကြိမ်မှာ မီးဖိုမီးအပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသော မီးများဖြစ်သည်။

မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူများ၊ မီးဘေးအန္တရာယ်အား သိရှိပြီး အစဉ်သတိပြု ကာကွယ်နိုင်ကြရန်အတွက် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှလည်းကောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး၊ ဟောပြောခြင်းနှင့်လက်တွေ့သရုပ်ပြခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုစစ်ဆေးခြင်းနှင့် မီးသတိပေးဆော်သြခြင်းများအားတစ်နိုင်ငံလုံး အတိုင်းအတာဖြင့်၊ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ မီးလောင်မှုအကြိမ်လျော့နည်းရန်နှင့် ဆုံးရှုံးမှုတန်ဖိုးများ လျော့နည်းစေရန်အတွက် မီးဘေးကြိုတင်ကာကွယ်တားဆီးရေး၊ စစ်ဆေးအကြံပြုခြင်းနှင့် မီးသတ်စက်/ယာဉ်ပစ္စည်း ကိရိယာများ ကြံ့ခိုင်အသင့်ရှိရေး ဓာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်မပျက်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဓာတ်ပုံအသင်း
၂၀၀၈ခုနှစ်၊(၄၄)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ
နှစ်လည်ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်ပွဲနှင့်
၂၀၀၈ခုနှစ်၊(၅၃)ကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးကြီးနှင့်
၂၀၀၈ခုနှစ် အမှုဆောင်သစ် ရွေးချယ်ပွဲဖိတ်ကြားခြင်း
အစီအစဉ်

ကျင်းပမည့်နေ့ရက် – ၃၀-၃-၂၀၀၈(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် – နံနက်(၉း၀၀)နာရီ ဆုချီးမြှင့်ပွဲ
မွန်းတည့်(၁၂း၀၀)နာရီ
နှစ်ပတ်လည်အစည်းအဝေးနှင့်
အမှုဆောင်သစ်ရွေးချယ်ပွဲ
ကျင်းပမည့်နေရာ – မြန်မာနိုင်ငံဓာတ်ပုံအသင်း
အမှတ်(၂၇/၂၉)၊ ၃၅လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

အသင်းသူ၊ အသင်းသားများသည် အသင်း၏တိုးတက်ရာတိုးတက်ကြောင်း ဆွေးနွေး အကြံပြုချက်များကို ၂၀-၃-၂၀၀၈ ရက် ညနေ ၄း၀၀ နာရီအရောက်နှင့် အမှုဆောင်အဖြစ် ဆန္ဒပြုလွှာများကို ၂၀-၃-၂၀၀၈ ရက် ညနေ ၄း၀၀ နာရီနောက်ဆုံးထား၍ အသင်းတိုက်သို့ ပေးပို့ရပါမည်။ အချိန်အခက်အခဲကြောင့် တစ်ဦးလျှင်ငါးမိနစ်သာ အစည်းအဝေး၌တင်ပြ ဆွေးနွေးခွင့်ပြုပါမည်။ အသင်းသားများအနေဖြင့် နှစ်စဉ်ကြေးဆောင်ပြီးသော အသင်းဝင်ကတ်ပါမှသာ မဲပေးခွင့်ပြုပါမည်။ **အမှုဆောင်ကော်မတီ**

(၂၅) နှစ်မြောက် ငွေရတုမင်္ဂလာ ဆုတောင်းလွှာ

ချစ်ခင်လေးစားရသော
ဦးထိန်ဝင်းနှင့် ဆရာမ ဒေါ်ခင်စန်းမြင့်တို့၏ ၁၃-၃-၂၀၀၈
ရက်နေ့တွင် ကျရောက်သော (၂၅) နှစ်မြောက်
ငွေရတုမင်္ဂလာမြတ်မှသည် ရွှေရတုမင်္ဂလာ၊
စိန်ရတုမင်္ဂလာများသို့တိုင် မိသားစုနှင့် အတူ
ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်တပည့်များ–

သန့်ဇော်မိုး–တင်မိုးမိုးထွန်း၊ ညီညီအောင်–ယဉ်မင်းထွေး၊ သန်းသန်းအေး၊ လှလှ၊ သန်းထိုက်ဦး–ပုံ့ပုံ့၊ ရာဂျူး၊ လွင်ဖြိုး–ဥမ္မာမြင့်၊ ဖိုးသား၊ ပါစီ၊ လင်းလင်း၊ ခင်သန္တာဝင်း၊ သီရိဟန်

(၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာဆုတောင်း

(၁၃-၃-၁၉၈၃ - ၁၃-၃-၂၀၀၈)

ချစ်ဖေဖေ ဦးထိန်ဝင်းနှင့် ချစ်မေမေ ဒေါ်ခင်စန်းမြင့် တို့၏ ၁၃-၃-၂၀၀၈ ရက်တွင် ကျရောက်သည့် (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုမင်္ဂလာရတုပေါင်း များစွာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ချစ်သမီးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ချစ်သမီးကြီး–ယမင်းဝင်း(ခ)ပုံ့ပုံ့ ဒုတိယနှစ်(Civil)
ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်
ချစ်သမီးငယ်–ဝင်းသီတာအေး(ခ)ပြည့်ပြည့် Grade II (A)
အထက(၂)စမ်းချောင်း

မေတ္တာဝါဒီ ကိုးထပ်ကျောင်းဆောင်သစ်ကြီး ဓာတ်လှေကားဖွင့်လှစ်

ရန်ကုန် မတ် ၁၂

ရန်ကုန်တိုင်းလှိုင်မြို့နယ် (၁၆) ရပ်ကွက်ရှိ မေတ္တာဝါဒီ ဟသ်ာတ (ပရဟိတ)စာသင်တိုက်၏ ပဓာန နာယက ဆရာတော်ကြီးအား ရည်စူး၍ နှစ်ပတ်လည် ပူဇော်ပွဲနှင့် ကိုးထပ် ကျောင်းဆောင်တိုက် ဓာတ်လှေကား ဖွင့်ပွဲအခမ်းအနားကို မတ်၉ရက်(တနင်္ဂနွေနေ့)က အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ဦးစီးနာယက ဘဒ္ဒန္တ သီလာနန္ဒဆရာတော်က စက်ခလုတ်နှိပ်၍ လည်းကောင်း၊ လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်း၊ နာယက ဗိုလ်မှူးမြင့်သိန်း(ငြိမ်း)နှင့် ကျောင်းတိုက်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးလှထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

အဆိုပါ ကိုးထပ်ကျောင်းဆောင်သစ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းလိုပါက ဖုန်း–၆၆၂၉၇၆ နှင့် ဖုန်း–၀၉၅၁၃၇၄၈၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့နှင့် မန္တလေးမြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်ကြီးများအတွက် သတင်းကောင်း

မန္တလေးမြို့ ၈၄ လမ်း၊ ၂၇x၂၈ လမ်းကြားရှိ မန်းမြန်မာဈေးချိုပလာဇာ၏
၁၂၀၀၀၀ စတုရန်းပေ အကျယ်အဝန်းရှိသော တတိယထပ်တွင်
မိမိစိတ်ကြိုက်အကျယ်အဝန်းကို ငှားရမ်းနိုင်ပါပြီ/ညှိနှိုင်းဈေးဖြင့် ဝယ်ယူနိုင်ပါပြီ
ကုမ္ပဏီများ၊ ရုံးခန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းရုံးခန်းများ၊ သင်တန်း Center များ၊
Super Market များ၊ Shopping Mall များ၊
စားသောက်ဆိုင် Restaurant, Coffee Shop များ၊ အလှပြင်ဆိုင်များ၊
Internet Cafe ဆိုင်များ၊ ကစားကွင်းများ၊ အားကစားခန်းမများ၊အရောင်းပြခန်းများ
ပြုလုပ်နိုင်ရန်အတွက် ရေ၊ မီး၊ ဖုန်း ပြည့်စုံစွာဖြင့် ငှားရမ်းပေးနေပါသည်။
Promotion ကာလတွင် အထူးဈေးနှုန်းအဖြစ်
စတုရန်းတစ်ပေလျှင်(၁၀၀ိ/–၊ ၁၅၀ိ/–၊ ၂၀၀ိ)နှုန်းဖြင့် မိမိစိတ်ကြိုက်
အကျယ်အဝန်းတို့ကို ငှားရမ်းနိုင်ပါသည်။
မိမိငှားရမ်းသည့် အထပ်တိုင်းတွင် ကားပါကင်များ၊ ကားတက်/
ကားဆင်းလမ်းများ၊ စက်လှေကား၊ ဓာတ်လှေကားများ ပါဝင်ပါသည်။

ဆက်သွယ်ရန် –

မန်းမြန်မာဆောက်လုပ်ရေးရုံးခန်း၊ အမှတ်(၄၆)၊ ၂၅ လမ်း x ၈၄ လမ်းထောင့်၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း–၀၂–၆၅၇၂၇၊ ၀၉–၂၀၀၀၃၁၇

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

ရန်ကုန် မတ် ၁၂

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဦးစီးမှူး ဦးကံညွန့်သည် ရန်ကုန်တိုင်း ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့၊ ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်နှင့် အခြားယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်း၍ မတ် ၉ ရက်က ရန်ကုန်မြို့ အလုံကမ်းနားလမ်းရှိ Western Park(2) Restaurant ခန်းမ၌ကုမ္ပဏီခြောက်ခုမှ တာဝန်ရှိသူများ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် စုစုပေါင်း ၁၁၆ဦး တို့အား မော်တော်ယာဉ်ကြံ့ခိုင်မှုနှင့် အန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရေး၊ ရာသီဥတုနှင့် လမ်းအခြေအနေပေါ် မူတည်၍ ထိန်းသိမ်းမောင်းနှင်ရေး၊ သတ်မှတ်မိုင်နှုန်းထက် ကျော်လွန်၍ အရှိန်ပြင်းစွာ မောင်းနှင်ခြင်း၊ မူးယစ်သောက်စား မောင်းနှင်ခြင်း၊ မဆင်မခြင်မောင်းနှင် ခြင်း မပြုလုပ်ရေး၊ သက်ဆိုင်ရာ တာဝန်ရှိ အဖွဲ့အစည်းများက ယာဉ်မတော်တဆမဖြစ်ပွားရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့၊ ကုမ္ပဏီပိုင်ရှင်၊ယာဉ်မောင်း၊ယာဉ်နောက်လိုက်နှင့် ယာဉ်ကြီးကြပ်အဖွဲ့များမှလည်း တာဝန်သိသိဖြင့် ပူးပေါင်းထိန်းသိမ်းဆောင်ရွက်သွားရေး ဆွေးနွေးဟောပြောသည်။ ထို့နောက် တိုင်းရုံးခွဲ (ရွှာသာကြီး)မှ တိုင်းရုံးခွဲဦးစီးမှူး ဦးကျော်အေးလွင်က မော်တော်ယာဉ် မောင်းနှင်သွားလာမှု စည်းကမ်းများ၊လမ်းညွှန်၊လမ်းအမှတ်အသားများအား လည်းကောင်း၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်း ဦးစီးမှူး ဦးသင့်မြတ်သူက လုပ်ငန်း လိုင်စင်နှင့် ဆက်စပ်သည့် စည်းကမ်းများအားလည်းကောင်း၊ ဒု-ရဲမှူးမြင့်အောင်က ယာဉ် မတော်တဆဖြစ်မှုများ ရှောင်ရန်၊ ဆောင်ရန်အချက်များ၊ ပညာပေးအစီအစဉ်များကို ရှင်းလင်းဟောပြောခဲ့ကြကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

မှော်ဘီမြို့နယ် လှော်ကားဥယျာဉ်လမ်း လှော်ကားတောရကျောင်းတိုက်ကြီးအနီးတည်ထားသည့် နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးနှင့် သိကြားမင်းစမဘွဲ့ရစေတီနှစ်ကျိပ်ရှစ်ဆူပုံတူစေတီအတွက် စိန်ဖူးတော်နှင့်ငှက်မြတ်နားတော်တို့တွင်စီခြယ်ရန်အတွက် ရတနာမျိုးစုံတို့ကို ရတနာရှင်များကိုယ်စားဦးအောင်ကြည်၊ ဦးစိန်းနိုင်နှင့် ဦးအောင်မြင့်တို့က ဦးစံကြည် မြန်မာမှုပညာရှင် ဦးစံသိန်းနှင့်သားများ ငွေထည်လုပ်ငန်း (ရေကျော်)ထံ ပေးအပ်စဉ်။ (က-ပ)

ဝါးခယ်မ သော်ကစေတီ ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် မတ် ၁၂

ဝါးခယ်မမြို့ သမိုင်းဝင် သော်ကပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး (၁၀၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၉ခုနှစ် တပေါင်းလဆန်း ၉ရက်မှ တပေါင်းလပြည့်ကျော် ၁ရက်အထိ (မတ် ၁၅ရက်မှ ၂၂ရက်အထိ) စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ တပေါင်းလဆန်း ၉ရက် နံနက် ၇နာရီတွင် အရံစေတီ ၂၄ဆူ ထီးတင်ပွဲမင်္ဂလာ၊ တံခွန်တိုင် ဂြိုဟ်ရှစ်ခွင် နဂါးရုံဘုရား ပူဇော်ပွဲနှင့် ဘုရားပွဲတော် ဖွင့်ပွဲ၊ တပေါင်းလဆန်း ၁၀ရက်၊ ၁၁ရက်ညများတွင် "ဝိဇ္ဇာမင်း"ဇာတ်ပွဲ၊ တပေါင်းလဆန်း ၁၃၊ ၁၄၊ ၁၅ ရက်ညများတွင် "ရွှေမန်း သဘင် ချမ်းသာ"ဇာတ်ပွဲ၊ တပေါင်းလပြည့်ကျော် ၁ရက်ညတွင် ဆီမီး ၅၀၀၀ ပူဇော်ပွဲတို့ဖြင့် ကျင်းပမည်ဖြစ်သည်။ အလှူငွေများပါဝင်လှူဒါန်းလိုပါက ဦးမြင့်စိုး ဖုန်း–၀၁–၃၇၅၃၄၉၊ ဖုန်း–၀၉၅၁–၅၇၇၅၉၊ ဦးယုဝမ် ဖုန်း–၀၄၂–၆၀၁၉၉၊ ဦးအုန်းသိန်း ဖုန်း–၀၄၂–၆၀၄၁၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးစစ်ဆေး

ရန်ကုန် မတ် ၁၂

မအူပင်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းတင်၊ ပို့ဆောင်ရေးစီမံကိန်းဦးစီး ဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်မိုးစန္ဒာဦးနှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်တို့ ဦးဆောင်သော ပူးပေါင်းအဖွဲ့သည် မတ် ၇ ရက်က မအူပင်မြို့ အဝေးပြေး ကားဂိတ်ဝင်းအတွင်း ရန်ကုန်–မအူပင်–ပုသိမ်မြို့များသို့ ပြေးဆွဲနေသော ခရီးသည်တင် အငှားဘတ်စ်ကားကြီးများအား ခရီးသွား ပြည်သူများ လိုက်ပါစီးနင်းမှု ချောမွေ့အဆင်ပြေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ သတ်မှတ်ယာဉ်အင်္ဂါရပ်၊ စည်းကမ်းချက်များ ညီညွတ်စေရေးအတွက် ယာဉ်ပိုင်ရှင်၊ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ခရီးသည်များအား တွေ့ဆုံပြီး ပညာပေးစစ်ဆေး ကြောင်း သိရသည်။**(အောက်ပုံ)**

(ခရိုင်ကညန)

ဥပဒေပညာပေး ရှင်းလင်းပွဲကျင်းပ

ရန်ကုန် မတ် ၁၂

ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းတရားရုံးက ကြီးမှူး၍ ဥပဒေပညာပေး ရှင်းလင်းပွဲကို မတ် ၈ ရက် နံနက် ၁၀ နာရီက ပြည်ခရိုင်တရားရုံး၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းတရားသူကြီး ဦးမောင်မောင်၊ ခရိုင်တရားသူကြီး ဦးသက်စိုးအောင်နှင့် ဒုတိယ ခရိုင်တရားသူကြီးများ၊ တိုင်းအတွင်းရှိ တရားရုံးအသီးသီးမှ မြို့နယ်တရားသူကြီးများ၊ ဒုတိယမြို့နယ်တရားသူကြီးများ၊ ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် တိုင်းတရားသူကြီး ဦးမောင်မောင်က ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကိုအသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။**(အောက်ပုံ)**(က-ပ)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်တို့ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်မှ နည်းပြနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားများ ဘိုးလင်းသရုပ်ပြကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော်၌ ဘိုးလင်းအားကစားသင်တန်းဖွင့်ပွဲ ကျင်းပ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်

နေပြည်တော် မတ် ၁၂

နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဘိုးလင်းအားကစားသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် Sport Complex ရှိ ဘိုးလင်းအားကစားခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ နေပြည်တော်မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းတက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဇော်က ဘိုးလင်းအားကစားနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်မှ နည်းပြနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားများက သရုပ်ပြကစားကြသည်။

အဆိုပါသင်တန်းသို့ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၈၆ ဦး တက်ရောက်ကြသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဘိုးလင်းအားကစားခန်းမ၌ နိုင်ငံတကာအဆင့်မီ ကွန်ပျူတာထိန်းချုပ်စနစ် တပ်ဆင်ထားပြီး အားကစားသမားရှစ်ဦး တစ်ပြိုင်တည်း ကစားနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီးကြွင်းမီးကျန်မရှိရန် ကျင့်ကြံသတိ အမြဲရှိ။

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ်နှင့်။

ထူးခြားသည့်နေ့အပူချိန်များ

၁၂-၃-၂၀၀၈

မင်းဘူး

၃၉ ဒီဂရီစင်တီဂရိတ်
(၁၀၂ ဒီဂရီဖာရင်ဟိုက်)

ချောက်

၄၀ ဒီဂရီစင်တီဂရိတ်
(၁၀၄ ဒီဂရီဖာရင်ဟိုက်)

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC
★ RFA VOA BBC အဖျက်သမားများ သတိထား
★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား